# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့် ၊ အင်္ဂါနေ့ ၊ (4-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို



**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်ရေပန်းရင်ပြင်တော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

# တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့

တန်ဆောင်မုန်းလသည် မြန်မာ့တစ်ဆယ့်နှစ်လတွင် ရှစ်လမြောက်ဖြစ်သည်။ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးထွန်းပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းကပ်လှူပွဲ၊ ကျီးမနိုးပွဲ၊ ပွဲသကူပစ်ပွဲ၊ ရှင်မာလဲပွဲ၊ စတုဒိသာလှူဒါန်းပွဲ(နိဗ္ဗာန်စျေးပွဲ)များမှာ လူသိများပြီး သာမညဖလအခါတော်နေ့ကို လူသိနည်းခဲ့သည်။

တန်ဆောင်မုန်းလပြည့်သည် အဇာတသတ်မင်းအမှူးပြုသော ပရိသတ်တို့ကို မြတ်စွာဘုရားရှင်က သာမညဖလသုတ်ခေါ် ရဟန်းဖြစ်ခြင်းအကျိုးတရားတော်ကို ဟောကြားတော်မူသော နေ့ထူးနေ့မြတ် သာမညဖလအခါတော်နေ့ဖြစ်သည်။

အဇာတသတ်မင်းသည် ဒေဝဒတ်နှင့်ပေါင်းပြီး ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်ခဲ့မိသည်။ ထိုသို့ သတ်ခဲ့မိသည့်အချိန်မှစ၍ အဇာတသတ်မင်းသည် အိပ်မပျော်သောရောဂါဝေဒနာစွဲကပ်ခဲ့သည်။ ထိုဝေဒနာကို ပျောက်ကင်းအောင် မည်သည့်ဆေးနှင့်မျှ ကုစား၍မရဖြစ်နေသည်။ ထို့ကြောင့် တိတ္ထိဆရာကြီး ခြောက်ဦးတို့ထံ သွားရောက်မေးမြန်းခဲ့သော်လည်း အဇာတသတ်မင်း၏ရောဂါဝေဒနာကို သက်သာပျောက်ကင်းနိုင်သည့် နည်းလမ်းမပေးနိုင်ခဲ့ပေ။ နောက်ဆုံး ဆရာဇီဝက၏ အကြံပြုလျှောက်တင်ချက်အရ အဇာတသတ်မင်းကို ရဟန်းပြုရသောအကျိုးအဆင့်ဆင့်ပါသော သာမညဖလတရားတော်ကို ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားဟောကြားတော်မူသော သာမညဖလတရားတော်ကို နာကြားရသော အဇာတသတ်မင်းသည် အိပ်မပျော်သောရောဂါဝေဒနာလည်း သက်သာပျောက်ကင်းသွားသည်။ ထို့မျှမက ခမည်းတော်ကို သတ်ခဲ့မိသည့်အမှားကိုလည်း နောင်တရခဲ့သည့်အပြင် ရတနာသုံးပါးကိုလည်း အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူဖြစ်လာသည်။ အဇာတသတ်မင်းသည် ပထမသင်္ဂါယနာတင်ပွဲကြီးဖြစ်မြောက်အောင်ကူညီပေးခဲ့ပြီး ဗုဒ္ဓဘာသာဝင်များအတွက် ဓာတ်တော်များကို စနစ်တကျသိမ်းဆည်းထားခဲ့ကာ ဗုဒ္ဓသာသနာနှစ်ကို အတိအကျသတ်မှတ်ပေးခဲ့သည်။

သာမညဖလဟူသည် ရဟန်းဖြစ်ခြင်း၏အကျိုးများကို ဖော်ပြချက်ပင်ဖြစ်သည်။ သာမညဖလသုတ်ခေါ် ရဟန်းဖြစ်ခြင်းအကျိုးများကို မြတ်စွာဘုရားဟောကြားတော်မူခဲ့သဖြင့် အဇာတသတ်မင်းနှင့်တကွ ကြားနာသူအပေါင်းတို့သည် ရဟန်းဖြစ်ခြင်း၏အကျိုးများကို နာယူမှတ်သားခွင့်ရခဲ့ကြသည်။ ခမည်းတော်ကိုသတ်မိသည့် အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်ညတွင် မြတ်စွာဘုရားနှင့် သံဃာတော်များကိုဖူးမြော်ပြီး သာမညဖလတရားတော်ကို နာယူခဲ့ရသည်။ အဖကိုသတ်မိသည့် အယူလွဲကံကြီး ထိုက်နေသူကို အမြင်မှန်ရအောင်စွမ်းဆောင်လမ်းပြနိုင်သော သာမညဖလသုတ်တော်ကို တန်ဆောင်မုန်းလပြည့်ညတွင် မြတ်စွာဘုရားဟောကြားတော်မူသည်ကို ကြည်ညိုမြတ်နိုးတန်ဖိုးထားပူဇော်သောအားဖြင့် သာမညဖလအခါတော်နေ့ကို ပူဇော်ကျင်းပကြသည်။

သို့ဖြစ်ရာ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။ ထိုနေ့တွင် ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းကားပြန့်ပွားရေး၊ သာသနာတော်အဓွန့်ရှည်ရေး၊ သူတော်ကောင်းတရားပြန့်ပွားရေးတို့ကို အလေးအမြတ်ပြုခဲ့သည့် အဇာတသတ်မင်းဖြစ်စဉ်ကို ဆင်ခြင်မှတ်သား၍ ဗုဒ္ဓဘာသာဝင်တိုင်းသည် ကောင်းမှုကုသိုလ်များတိုးပွားအောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးရလဒ်များတိုးပွားလာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၅၄
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၈၇၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၈၇၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၇၁၄၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါထောပတ်ပဲကို အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၂၁၈၅ ကေ၊ တန့်ဆည်မြို့နယ်တွင် ၆၉၃ ကေ စုစုပေါင်း ၂၈၇၈ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ထောပတ်ပဲကေ ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ ဖြစ်ထွန်း အောင်မြင်ကြပါတယ်။ ထောပတ်ပဲဟာ စျေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၃၁၄၇ ကေ၊ တန့်ဆည်မြို့နယ်တွင် ၃၉၉၃ ကေ စုစုပေါင်း ၇၁၄၀ ကေဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံ တောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ သီးညှပ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

ရေဦးခရိုင်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေ

ပုသိမ် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးသူက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ပြီး ယနေ့ထိ ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ပီလောပီနံ့ဥ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

"ပီလောပီနံ့ဥတွေ ဒေသစျေးကွက်မှာ အရောင်းအဝယ် ကောင်းနေပါတယ်။ ဒီနှစ် ပီလောပီနံ့ဥတွေ အရောင်းအဝယ် ကောင်းနေတာက စိုက်တဲ့သူတွေ နည်းသွားတာနဲ့ ဒေသစျေးကွက်အပြင် အခြားစျေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အရောင်းအဝယ် ဖြစ်နေတဲ့ ပီလောပီနံ့ဥတွေက အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်။ ပိုးမွှားအန္တရာယ်လဲ ကင်းတာတွေ့ရတယ်။ အခုလို ပီလောပီနံ့ဥတွေ ပေါ်နေတဲ့အချိန် အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ၊ လုပ်သားတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးသူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် လက်ရှိ တစ်ရက်လျှင် ပီလောပီနံ့ဥပိဿာချိန် ၂၅၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ပီလောပီနံ့ဥကို ကိတ်မုန့်လုပ်ငန်းများကပါ အဝယ်လိုက်နေကြောင်း၊ အဆိုပါပီလောပီနံ့ကို အရည်အသွေးပေါ် မူတည်ပြီး စျေးအနိမ့်အမြင့်ရှိကြောင်း၊ ပီလောပီနံ့ဥများ အရောင်းအဝယ် ကောင်းမွန်နေသောကြောင့် တောင်သူများ၊ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် မုက္ကလကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပဲခူး နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မုက္ကလကျေးရွာ၌ ကုန်ထုတ်လမ်းပေါ်၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက မုက္ကလကျေးရွာ၌ ကုန်ထုတ်လမ်းပေါ်၌ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်းပေါ်၌ အရှည်ပေ ၄၆၂၀၊ အမြင့် မြေသားတစ်ပေ၊ ဂဝံ ကိုးလက်မရှိ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၈၈ ဒသမ ၈၄၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ ယခုနှစ်စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက မုက္ကလကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးခင်မောင်ကျော် မိသားစုက မိခင်ကြီး ဒေါ်မြင့်မြင့်စိုးနှင့် သား မောင်ကျော်မင်းထက်တို့ကိုရည်စူး၍ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၇၅၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၇၅၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၇၇၅၂ ဧကကို ယခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ နေကြာ ၇၇၅၂ ဧက စိုက်ပျိုးသွားမှာပါ။ ဆီထွက်သီးနှံနေကြာတွေ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေတွေကို စတင်မစိုက်မီ ကြိုတင်စီမံ ဆောင်ရွက်ပေးထားပါတယ်။ စိုက်ပျိုးမဲ့နေကြာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် တောင်သူများ နေကြာကို အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်စေရန် ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေး လုပ်ငန်းများကို ကွင်းဆင်းပို့ချပေးခြင်း၊ လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျ အသုံးပြုမှုရေး စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မလှိုင်မြို့နယ် ရွာသစ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရွာသစ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၄ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၅ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**မုံရွာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၀၃၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်းဧက ၁၀၃၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်း တွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင် ပြောပြ၍ သိရသည်။

(၂၀၆)



# ပျို့ကဗျာလင်္ကာထဲက ရသ

ပြေအေးသက်

ဂုဏ်၊ အလင်္ကာ၊ ရသထဲတွင် ရသနှင့်ပို၍ရင်းနှီးကျွမ်းဝင်သလို ခံစားရမိသည်။ "ချစ်ရွှင်သနား၊ တည်ကြားကြမ်းကြုတ်၊ စက်ဆုပ်ကြောက်ရွံ့၊ ရဲဝံ့အံ့သြ၊ နေအရသာ၊ ကျမ်းဂန်လာ၏"ဟူသည့် ကဗျာသည် အထက်တန်းလောက်ကတည်းက အလွတ်ရနေခဲ့ပေသည်။ ထိုကဗျာတွင်ပါသောအရသာသည် ရသဆိုသည့် မာဂဓဘာသာမှလာသည်ဖြစ်၍ အနက်အဓိပ္ပာယ်ကလည်း အတူတူပင်ဖြစ်သည်။ ပျို့ကဗျာလင်္ကာအဖွဲ့အနွဲ့တို့တွင် ဂုဏ်၊ အလင်္ကာနည်းများအတိုင်း ဖွဲ့နွဲ့စပ်ဆိုထားသောအခါ သဘောအနက်ကိုဆင်ခြင်လျှင် နှစ်သက်အပ်သောသဘောသည် ရသပင်ဖြစ်သည်။ ထိုသို့အရသာရှိအောင် ရသဆိုသည့်အရာပါရှိမှသာလျှင် စာပေအရသာကို ဖတ်မှတ်လေ့လာသူတို့သည် မြည်းစမ်းခွင့်ရကြပြီး စွဲလမ်းနှစ်သက်မြတ်နိုးကြပေမည်။ ရသထံသို့ မသွားမီပင် ဘာဝ၊ ဝိဘာဝနှင့် အနုဘာဝတို့ဆီသွားရပေမည်။ ဘာဝဆိုသည်မှာ ချစ်ခင်စုံမက်ခြင်း စသည်ဖြင့် သာယာအပ်သောစိတ်မျိုးတို့ကိုဆိုပြီး ဝိဘာဝဆိုသည်မှာ ဘာဝဖြစ်ခြင်း၌ ထင်ရှားစွာဖြစ်ပေါ်လာခြင်းအကြောင်းကိုဆိုလိုကာ အနုဘာဝသည် ဝိဘာဝကို သိစေတတ်သောဘာဝ၏အကျိုးကိုဆိုလိုသည်။

**ရသကိုးပါး**

သာယာအပ်သည့်စိတ်အခံဖြစ်သော ဘာဝ၊ ဝိဘာဝနှင့် အနုဘာဝတို့ထံမှတစ်ဆင့် ရသ ကိုးပါးဆီသွားရမည်ဖြစ်သည်။ ရသ ကိုးပါးအကြောင်းဆိုရလျှင် ချစ်ခင်နှစ်သက်ခြင်းကိုဖြစ်စေသည့် သိင်္ဂါရရသ၊ ရယ်မောပျော်ရွှင်ခြင်းကို ဖြစ်စေသည့် ဟာသရသ၊ သနားခြင်းကိုဖြစ်စေသည့် ကရုဏာရသ၊ ငြိမ်းအေးကြည်နူးခြင်းကိုဖြစ်စေသည့် သန္တရသ၊ ရက်စက်ကြမ်းကြုတ်ခြင်းကိုဖြစ်စေသည့် ရုဒ္ဒရသ၊ စက်ဆုပ်ရွံရှာခြင်းကိုဖြစ်စေသည့် ဝိဘစ္ဆရသ၊ ထိတ်လန့်ကြောက်ရွံ့ခြင်းကိုဖြစ်စေသည့် ဘယာနကရသ၊ ရဲရင့်တက်ကြွခြင်းကိုဖြစ်စေသည့် ဝီရရသနှင့် အံ့သြခြင်းကိုဖြစ်စေသည့် အဗ္ဘုတရသတို့ဖြစ်ကြသည်။ ထိုထဲတွင် သိင်္ဂါရရသအကြောင်းပြောရမည်ဆိုလျှင် ဘာဝကိုပြန်ကောက်ရပေမည်။ ဘာဝကိုမဖျက်ဆီးဘဲ ပကတိသဘောအတိုင်း တည်တတ်သည်ကို ဌာယီဘာဝဟု ခေါ်ပြန်သည်။ ဌာယီဘာဝဆယ်မျိုးရှိရာ ထိုထဲတွင် ချစ်ကြိုက်ခြင်းဟူသောရတိကို သိင်္ဂါရရသဟုလည်းခေါ်သည်။

**သိင်္ဂါရရသ**

ဤရသသည် ချစ်ခင်နှစ်သက်မှုအရသာဖြစ်သည်။ လုလင်ပျို၊ လုံမပျိုတို့၏ ချစ်ခင်နှစ်သက်ပုံကို ရေးဖွဲ့ထားသော စာပေအရေးအဖွဲ့သည် သိင်္ဂါရရသမြောက်ပေသည်။ သိင်္ဂါရရသကို ဓမ္မသိင်္ဂါရရသနှင့် ကာမသိင်္ဂါရ ရသဟူ၍ခွဲသေးသည်။ ဓမ္မသိင်္ဂါရရသသည် သူတော်ကောင်းတရား၌ မွေ့လျော်ပျော်ပိုက်ခြင်းတည်းဟူသော သမထဝိပဿနာနှင့် ဘာဝနာတို့သည် ဤရသမြောက်ပေသည်။ ကာမသိင်္ဂါရရသတွင် မောင်နှင့်မယ်မပေါင်းရသေးမီ ချစ်မြတ်နိုးသောခံစားမှုကို အယောဂသိင်္ဂါရရသဟုလည်းကောင်း၊ ပေါင်းဖက်ပြီး ချစ်မြတ်နိုးသော ခံစားမှုကိုသမ္ဘောဂသိင်္ဂါရရသဟုလည်းကောင်း၊ ကွဲကွာသွားရ၍ ဖြစ်ပေါ်လာသော ခံစားမှုကို ဝိပ္ပယောဂသိင်္ဂါရရသဟုလည်းကောင်း ခေါ်ဆိုကြသည်။ ကုန်းဘောင်ခေတ်ကဟုယူဆရပြီး ရေးသူမသိသည့် ဟန်ချင်းကဗျာ ရွှေမိုင်းသူတွင် "ချစ်တယ်လို့ဆို၊ ပျို့ဆီကို ဘယ်မတိုးနှင့်၊ ကျွဲညိုကဆိုး တော်တို့ရှင်တို့။ ကြိုက်တယ်လို့ဆို၊ ပျို့ဆီကို ဘယ်မတိုးနှင့်၊ ကျွဲညိုကဆိုး တော်တို့ရှင်တို့။ သနပ်ခါးကွက်ပါးမှာကူ၊ ရွှေမိုင်းသူတော့၊ ကျုပ်အလှဆုံး"ဟုဖွဲ့ဆိုထားရာ မောင်နှင့်မယ်မပေါင်းရသေးမီ ချစ်မြတ်နိုးသောခံစားမှုက အယောဂသိင်္ဂါရရသမြောက်ပေသည်။

**ဟာသရသ**

ဤရသသည် ရယ်ရွှင်ဖွယ်၊ မြူးထူးဖွယ်၊ အူမြူးဖွယ် အရသာအဖွဲ့အနွဲ့တို့ကိုဆိုလိုပေသည်။ ဦးရွှန်း၏ ဥမ္မာဒန္တီပျို့တွင် ရှေ့ပြေးစေလွှတ်သည့်ပုဏ္ဏားတို့ ဥမ္မာဒန္တီနှင့်တွေ့သောအခါ သတိလက်လွတ်ဖြစ်ကြပုံကို ရယ်ရွှင်ဖွယ်ဖွဲ့ဆိုထားပုံမှာ "ဥမ္မာဒန္တီ ဆင်းနတ်ပီ၏၊ သိင်္ဂီရုပ်ပုံ၊ ရူပါရုံသည်၊ ကြေးမုံမှန်ဝ၊ နေရောင်ပြသို့ ပုဏ္ဏားမျက်စိ၊ မြင်သည်ရှိသော်၊ အာရမ္မနိက၊ ဟဒယမှ၊ ရာဂလွှန်စိတ်၊ စေတသိတ်တို့၊ ချွန်းချိတ်မရ၊ ဆင့်နှယ်ထ၍၊ ပုဏ္ဏားခံတွင်း၊ ထမင်းခွံ့လက်၊ သတိပျက်လျှင်၊ ခေါင်းထက်သို့ကျော်၊ ကျောပေါ်သို့တက်၊ လက်ကတီးရောက်၊ မေးအောက်လည်ပင်း၊ ဟင်းအလူးလူး၊ ကိုယ်စီရှူး၍၊ နမူးနထိုင်း၊ ဗိုင်းဗိုင်းခွေညွတ်၊ အချွတ်ချွတ်နှင့်"ဟူသည့်အဖွဲ့သည် ဟာသရသမြောက်ပေသည်။ ဌာယီဘာဝဆယ်မျိုးထဲတွင် ဟာသကို ဟာသရသဟုလည်းခေါ်သည်။ ထိုဟာသရသကို ဌာယီဘာဝဟာသရသဟုလည်း ဆိုသည်။ ၎င်းတွင် အမူအရာပြ၊ ရှေ့နောက်မညီ၊ ဝမ်းမြောက်ဖွယ်နှင့် ဓမ္မဆိုသည့် ဟာသရသလေးမျိုးရှိသည်။ ဥပမာအားဖြင့် ဦးပုည၏တေးထပ်တစ်ပုဒ်ဖြစ်သည့် "မျက်နှာကို ခြေနှင့်ကျောက်စေတော့ ထဘီလျှော်ခိုင်းပါတော့လေး"ဆိုသည်မှာ အမူအရာပြဟာသရသဖြစ်ပေသည်။

**ကရုဏာရသ**

ဤရသသည် သနားကြေကွဲ၊ ဝမ်းနည်းကြင်နာဖွယ်အရသာရှိသော အဖွဲ့အနွဲ့ဖြစ်သည်။ ငိုကြွေးခြင်း၊ တွေဝေခြင်း၊ ကိုယ်လက်တောင့်တင်းခိုင်မာခြင်း၊ မရှူနိုင်မကယ်နိုင်ဖြစ်ခြင်း စသည်တို့သည် အနုဘာဝများဖြစ်ကြသည်။ ကိုယ်စိတ်ပင်ပန်းခြင်း၊ ပူင်းရိခြင်း၊ သေခြင်း၊ ရူးခြင်း၊ ငြီးငွေ့ခြင်း၊ ကိုယ်လက်မအီမသာဖျားနာခြင်း စသည်တို့သည် ဗျဘိစာယီဘာဝဟုခေါ်သည်။ ဤသို့ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝတို့နှင့် ပြည့်စုံသော စိုးရိမ်ခြင်း သောကဌာယီဘာဝသည် ကရုဏာရသဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် "ထိုနှင့်တလျှဉ်၊ ဆိုစဉ်မချာ၊ စပ်ကာလည်းကောင်း၊ ဗောဓိလောင်းကို၊ တွေ့ကြောင်းနီးနွယ်၊ အလမ္ပာယ်လျှင်၊ နိပ်နှယ်ကလူ၊ ယူလေသရော်၊ မယ်တော်မိခင်၊ အိပ်မက်မြင်သော်၊ ပုံပြင်ခင်းခင်း၊ မင်းရှေ့ကျင်း၍၊ သန့်ရှင်းဝါဒ၊ သာခါလျှဖြင့်၊ ရသစိတ်ဖြာ၊ အလင်္ကာ၌၊ ကရုဏာမည်ထ၊ သုပိနဟု၊ ပြခဲ့ပိုင်းခြား၊ တခန်းထားမှ"ဆိုသည်၌ ဘူရိဒတ်နဂါး၊ မယ်တော်အိပ်မက်စသည်တို့သည် ဝိဘာဝများဖြစ်ပြီး ငိုကြွေးခြင်းသည် အနုဘာဝများဖြစ်ကာ စိုးရိမ်ခြင်းသောကများဖြစ်ကြ၍ ကရုဏာရသမြောက်ရပေသည်။

**သန္တရသ**

ဤရသသည် တင်းတိမ်အေးငြိမ်း ဇာတ်သိမ်းရပ်နားဖွယ် အရသာရှိသော အဖွဲ့အနွဲ့ဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ အစရှိသော ကမ္မဋ္ဌာန်း ၄၀ တို့ကြောင့်ဖြစ်သောငြိမ်သက်တည်ကြည်ခြင်း "သမ"မည်သော ဌာယီဘာဝသည် သန္တရသဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် "ဂင်္ဂါမြစ်နား၊ သွားလေသရော်၊ ရေကိုမျှော်လျက်၊ အာပေါ်အာပေါ်၊ သံတော်သက်သက်၊ ဆိုနှုတ်ပွက်၍၊ မကွက်မလှည့်၊ မိန်းကြည့်စက္ခု၊ ကသိုဏ်းရှုသော်၊ ရမ္မမကြာ၊ ဈာန်ရောင်ဝါဖြင့်၊ ပညာထွန်းလင်းခဲ့သတည်း"ဆိုသည့်အဖွဲ့တွင် ဂင်္ဂါမြစ်နှင့် တကွ တောချုံပိတ်ပေါင်း၊ အာပေါကသိုဏ်းတို့သည် ဘာဝများဖြစ်ကြပြီး ဈာန်ရခြင်းဆိုသော အနုဘာဝတို့နှင့်ပြည့်စုံလျက် ကသိုဏ်းအာရုံ၌ စူးစိုက်ငြိမ်သက်သော သန္တရသမြောက်ပေသည်။ ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့၌လည်း "ရတနာပူရ၊ ပြည်မတန်ဆောင်၊ တမ်းခွန်ထောင်သား၊ မင်းခေါင်လက်ထက်၊ ပျို့ရွယ်သက်က၊ ဝမ်းထွက်စတော၊ မှတ်သောထွေဖြင့်၊ စာပေသင်ကာ၊ တနေရာတည်း၊ နေလည်းနေလေ့၊ တွေ့လည်းတွေ့ချင်၊ မြင်လည်းကြင်ချစ်၊ ငယ်ကျွမ်းဖြစ်၍" ဆိုသည်၌ ဘာဝတစ်လျှောက်ကြောင့်ကြကင်းစွာ နှလုံးပူပန်မှုမရှိဘဲ ငြိမ်းငြိမ်းချမ်းချမ်းနေရသည်ကို ဖွဲ့၍ သန္တရသမြောက်ပေသည်။

**ရုဒ္ဒရသ**

ဤရသသည် ပြစ်တင်ကဲ့ရဲ့ မဲ့ရွဲ့ရှုတ်ချဖွယ် အရသာရှိသော အဖွဲ့အနွဲ့ဖြစ်သည်။ ဝန်တိုခြင်း စသောဝိဘာဝ၊ ထိတ်လန့်ခြင်း၊ မူးယစ်ခြင်း စသော ဗျဘိစာယီဘာဝ၊ မျက်စိနီခြင်း၊ မျက်မှောင်ကြုတ်ခြင်းစသည့်တို့ဖြင့် တိုးပွားလွန်ကဲသော အမျက်ဒေါသကြမ်းကြုတ်ခြင်း "ကောဓ"မည်သော ကောဓဌာယီဘာဝသည် ရုဒ္ဒရသဖြစ်သည်။ ဝေဿန္တရာဇာတ်တော်ကြီးတွင် "နင်လျှင်အမှန်၊ ခုလာဟန်ကား၊ ဝေဿန္တရာ၊ မင်းကြီးမှာကို၊ ပူဆာတစ်ခု၊ နင်ပြုလာမည်၊ မှန်သည်တကား၊ စဉ်းစားမည့်သွင်၊ နင့်ဆင်းပြင်ကို၊ မြင်လေတစ်၊ ငါတွေးမိသည်၊ မင်းကြီးသည်းချား၊ သားနှစ်ပါးကို၊ တောင်းငြားယူမည်၊ လာသည်တကား၊ နင်ကားအသက်၊ ထွက်အံ့မနေး၊ ငါ၏လေးနှင့်၊ သေဘေးကြုံ၍၊ နင့်ကိုတွေ့သည်၊ မရွေ့သာပြီ၊ သေဆီခရီး၊ နင်ခုနီး၏" ဆိုသည့်အဖွဲ့၌ ဇူဇကာပုဏ္ဏားနှင့် ပုဏ္ဏားအပြုအမူတို့သည် ဝိဘာဝများဖြစ်ကြပြီး မုဆိုး၏ ဒေါသဖြစ်ခြင်း၊ စိတ်ဆိုးခြင်းသည် ကောဓဌာယီဘာဝဖြစ်ပြီး ခြိမ်းခြောက်ခြင်းသည် အနုဘာဝဖြစ်သည့်အတွက် အမျက်ဒေါသကြမ်းကြုတ်ခြင်းဖြစ်သဖြင့် ရုဒ္ဒရသမြောက်ပေသည်။

**ဝိဘစ္ဆရသ**

ဤရသသည် စက်ဆုပ်ရွံ့မုန်း၊ စိတ်နှလုံးရင်နင့်ဖွယ်အရသာရှိသော အဖွဲ့အနွဲ့ဖြစ်သည်။ ဝိဘစ္ဆရသသည် သိင်္ဂါရရသ၏ ဆန့်ကျင်ဘက်လည်းဖြစ်သည်။ စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော "ဇိဂုစ္ဆာ"မည်သည့် ဇိဂုစ္ဆာဌာယီဘာဝသည် ဝိဘစ္ဆရသဖြစ်သည်။ အပုပ်စသည်ကြောင့် ထိတ်လန့်မှုဖြစ်လောက်အောင် စက်ဆုပ်လျှင် ဥဗ္ဗေဂီဝိဘစ္ဆရသ၊ သွေးစသည် ချောက်ချားမှုဖြစ်လောက်အောင် စက်ဆုပ်လျှင် ခေါဘနဝိဘစ္ဆရသနှင့် မတပ်မက်ခြင်းကြောင့် သနားခြင်းဖြစ်လောက်အောင် စက်ဆုပ်လျှင် ကရုဏာယုတဝိဘစ္ဆရသ ဟူ၍ကွဲပြားသည်။ ဦးရွှန်း၏ ဥမ္မာဒန္တီပျို့တွင် "ဥမ္မာဒန္တီပျို့၊ သိင်္ဂီရုပ၊ နတ်ထက်လှလည်း၊ ခဏဖြင့်သာ၊ တသက်တာမျှ၊ မကြာရခင်၊ ရာဇဝင်က၊ ကြောခြင်သားရေ၊ တွံ့ခွေလိပ်မူ၊ ဆံဖြူသွားကျိုး၊ လှရိုးမရှိ၊ ဖြစ်ဘိဖြစ်ကာ၊ အနိစ္စာမျှ"ဆိုသည့် ထိတ်လန့်မှုဖြစ်လောက်အောင် စက်ဆုပ်လျှင် ဥဗ္ဗေဂီဝိဘစ္ဆရသမြောက်ပေသည်။ မန်လည်ဆရာတော်၏ ပဒုမရတုတွင် "တစ္ဆေရုပ်သွင်၊ မြေဘုတ်ဆင်သည်၊ ဘုတ်ဝင်မသာလောင်းကို၊ မယ့်သက်ပေါင်းသည်"ဆိုရာ၌ ချောက်ချားမှုဖြစ်လောက်အောင် စက်ဆုပ်သောကြောင့် ခေါဘနဝိဘစ္ဆရသမြောက်ပေသည်။

**ဘယာနကရသ**

ဤရသသည် မာန်လျော့ကြောက်ရွံ့၊ နောက်တွန့်ဆုတ်နစ်ဖွယ် အရသာရှိသော အဖွဲ့အနွဲ့ဖြစ်သည်။ ဘယာနကရသသည် ဝီရရသ၏ ဆန့်ကျင်ဘက်သဘောဖြစ်သည်။ အနက်သဘောအားဖြင့် ထိတ်လန့်ဖွယ်၊ ကြောက်လန့်ဖွယ်၊ အားလျော့ဖွယ် ဖွဲ့ဆိုထားသောစာသည် ဘယာနကရသ မြောက်ပေသည်။ ကြောက်လန့်ခြင်းဆိုသည့် "ဘယ"မည်သော ဘယဌာယီဘာဝသည် ဘယာနကရသမြောက်ပေသည်။ ဖောက်ပြန်သောသတ္တဝါ၊ အသံတို့သည် ဘာဝဖြစ်ပြီး ချွေးထွက်ခြင်း၊ အသံပျက်ခြင်း၊ အဆင်းပျက်ခြင်း စသည်တို့သည် အနုဘာဝများဖြစ်ကာ ထိတ်လန့်ခြင်း၊ အလျင်လိုခြင်း၊ မိန်းမောတွေဝေခြင်း စသည်တို့သည် ဗျဘိစာရီဘာဝဟုမည်သည်။ ဤသို့ဘာဝ၊ ဝိဘာဝနှင့် အနုဘာဝတို့ အင်္ဂါစုံလင်မှသာ ဘယာနကရသမြောက်ပေသည်။ ဝိဘာဝ၌ ကြောက်မက်ဖွယ်ရာသတ္တဝါဝတ္ထုအစုစုတို့သည် အာလာမ္ဗဏဝိဘာဝဖြစ်ပြီး ၎င်းတို့၏ အပြုအမူသည် ဥဒ္ဒီပနဝိဘာဝဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် "ဝိညာဉ်ပြတ်က၊ စိမ်းလတ်အကောင်၊ မြင့်အောင်မထား၊ ဆိပ်နားကမ်းစ၊ သင်္ချိုင်းဝသို့၊ ပို့ကြလေ မြောက်"ဆိုသည့်အဖွဲ့သည် ကြောက်ရွံ့ဖွယ် ဘယာနကရသမြောက်ပေသည်။

**ဝီရရသ**

ဤရသသည် မာန်တက်ရဲရင့်၊ စိတ်မြင့်ကြုံးဝါးဖွယ် အရသာရှိသော အဖွဲ့အနွဲ့ဖြစ်သည်။ အနက်သဘောအားဖြင့် ရဲရင့်ဖွယ်၊ အားတက်ဖွယ်၊ ကြံ့ခိုင်ဖွယ်ဖြစ်အောင် စပ်ဆိုထားသောစာသည် ဝီရရသမြောက်ပေသည်။ တန်ခိုးလုံ့လ စသောဝိဘာဝကြောင့် အားထုတ်ခြင်း၊ ရဲရင့်ခြင်း ဟူသောလုံ့လဝီရိယသည် "ဥဿဟ"မည်သော ဥဿဟဌာယီဘာဝသည် ဝီရရသပင်ဖြစ်သည်။ ရောင့်ရဲခြင်း၊ တည်ကြည်ခြင်း၊ ဆုံးဖြတ်ခြင်း၊ သိခြင်းတို့သည် ဗျဘိစာရီဘာဝတို့ဖြစ်သည်။ ဝီရရသလေးမျိုးရှိရာ စစ်တိုက်ခြင်း၊ ပေးလှူခြင်း၊ သနားခြင်းစသောအနုဘာဝများကြောင့် ယုဒ္ဓဝီရရသ၊ ဒါနဝီရရသနှင့် ဒယာဝီရရသတို့ဖြစ်ကြပြီး ကျန်ဝီရရသမှာ ဓမ္မဝီရရသဖြစ်သည်။ မန်လည်ဆရာတော်၏ မဃဒေဝအလင်္ကာတွင် " စစ်ပွဲသဘင်၊ စစ်မြေပြင်ဝယ်၊ ရင်မြေကတုတ်၊ ခံမဆုတ်ဘဲ၊ မယုတ်ခွန်အား၊ ရဲတည်ကြားလျက်၊ ယောကျ်ားပီပီ၊ လက်ရုံးချီ၍၊ ခံပြီလာလှည့်၊ လာလှည့်ခံပြီ၊ စိုးမထီဟု၊ ယှဉ်မှီကိုယ်ချင်း၊ လျင်အပြင်းဖြင့်၊ အတင်းဝင်ခုတ်၊ သိမ်းနှယ်သုတ်သည်"ဆိုရာ၌ စစ်တိုက်ခြင်း အနုဘာဝကြောင့် ယုဒ္ဓဝီရရသမြောက်ပေသည်။

❖ ရသသည် စာပေ၏အဘိဓမ္မာဖြစ်သည်ဟုလည်း ဆိုကြသည်။ ထို့ပြင် ရသသည် စားသောက်ဖွယ်ရာကို အရသာရှိအောင် လုပ်ဆောင်သည်နှင့် သဘောချင်းတူပြီး စာပေကို အရသာရှိအောင်၊ ဖတ်ရှုချင်လာအောင်ပြုလုပ်ရသည့် အရာမျိုးပင်ဖြစ်သည်ဟုလည်း ဆိုပြန်ပေသည်။ ပွဲကြည့်သော သူတို့သည်လည်းကောင်း၊ သီချင်း၊ ရတု၊ ကဗျာ အစရှိသောအဖွဲ့၌ အနက်ကို ဆင်ခြင်အပ်သောသူတို့သည်လည်းကောင်း၊ အကြင်နှစ်သက်အပ်သောသဘောကို ပျား၊ ထောပတ် စသောအရသာတို့ကိုစားရာ သာယာဘိသကဲ့သို့လည်းကောင်း သာယာအပ်သည်။ ထို့ကြောင့် ဤသာယာနှစ်သက်အပ်သောသဘောကို ပညာရှိတို့က "ရသ"မည်၏ဟုဆိုချေသည်။ ❖

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# လမ်းလျှောက်ကြမည် ဆောင်းရာသီ

- ဆောင်းဟေမန် မြူနှင်းက
ဖွဲဖွဲကျ ဖျန်းပက်လာ၊
လမ်းလျှောက်ရန် ပြင်ဆင်လျက်
လှမ်းထွက်ကြကာ၊
အားကစား လှုပ်ရှားပါ
ကိုယ်ကျန်းမာ ကောင်းမွန်ရေး၊
သွေးပူအောင် လေ့ကျင့်ခန်းနဲ့
လျှောက်လှမ်းစို့လေး။

- စိတ်ကြည်လင် အကျိုးတရား
နိုးကြားလို့ လှမ်းစို့အတူ၊
ကျန်းမာလျှင် ပျော်ရွှင်အထူး
ကြည်နူးမှုယူ၊
အေးချမ်းခြင်း ကျော်ဖြတ်မပူ
သွက်လက်လူ ဖြစ်မှာမို့၊
အရုဏ်အမီ စောစောထ
လှမ်းကြပါစို့။

- ဆောင်းရာသီ လမ်းလျှောက်ပွဲ
အတူတူနွဲ့ ပါဝင်လေ၊
ကျန်းမာလျှင် လာဘ်တစ်ပါး
ကြိုးစားကြစေ၊
လေ့ကျင့်ခန်း ဆောင်ရွက်မသွေ
တို့ခန္ဓာတွေ လန်းဆန်းရေး၊
ချစ်မိတ်ဆွေ ပြုံးပျော်လန်းမည်
လမ်းလျှောက်စို့လေး။

**မောင်စစ်သွေး**

# မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၇၅၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၇၅၇ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၇၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ မြေပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် အိမ်မဲမြို့နယ်တွင် ၂၉၁ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၅၉၃၁ ဧက၊ မြောင်းမြမြို့နယ်တွင် ၂၅၃၅ ဧက စုစုပေါင်း ၈၇၅၇ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြခရိုင်အတွင်း မြေပဲ ၈၇၅၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံတွေ အချိန်မီစိုက်ပျိုးဖို့အတွက် နည်းပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမယ်။ ဒါ့ပြင် ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကို ပံ့ပိုးပေးဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးထားပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ဆီထွက်သီးနှံများအပါအဝင် ဆောင်းသီးနှံများအားလုံး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျွဲတပ်ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၃၁ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

á **စာမျက်နှာ ၄ မှအဆက်**

**အဒ္ဘုတရသ**

ဤရသသည် ချီးကျူးငေးမော၊ အံ့သြထောမနာဖွယ် အရသာရှိသောအဖွဲ့အနွဲ့ဖြစ်သည်။ အဒ္ဘုတရသသည် ရုဒ္ဒရသ၏ ဆန့်ကျင်ဘက်သဘောဖြစ်သည်။ အနက်သဘောအားဖြင့် ချီးကျူးအံ့သြဖွယ်ဖြစ်အောင် စပ်ဆိုထားသောစာသည် အဒ္ဘုတရသမြောက်သည်ဟုဆိုရပေမည်။ အံ့သြခြင်း ဝိမှယမည်သော ဝိမှယဌာယီဘာဝသည် အဒ္ဘုတရသဖြစ်ပေသည်။ လောက၌ ဖြစ်စဉ်သဘောထက်လွန်ကဲ၍ ဖြစ်ခြင်းသည် ဝိဘာဝဖြစ်ပြီး ထိုဝတ္ထုပုဂ္ဂိုလ်တို့သည် အာလာမ္ဗဏဝိဘာဝဖြစ်ကာ ထိုသူတို့၏ အံ့သြဖွယ်ဂုဏ်သည် ဥဒ္ဒီပနဝိဘာဝဖြစ်သည်။ ထို့ပြင် ထိတ်လန့်ခြင်း၊ အလျင်လိုခြင်း၊ ရောင့်ရဲခြင်း စသည်တို့သည် ဗျာဘိစာရီဘာဝဖြစ်သည်။ ဤသို့ဘာဝ၊ ဝိဘာဝ၊ အနုဘာဝများနှင့် ပြည့်စုံလျှင် အဒ္ဘုတရသမြောက်ပေသည်။ ရေးကဗျာတစ်ပုဒ်ဖြစ်သည့် "တို့နန္ဒာလယ်တော်တိုက်၊ ညဉ်းစိုက်တဲ့ကောက်နံ့သွယ်၊ မှန်းဘယ်မျှကြီး၊ ဟောကြည့်စမ်းမွန်၊ တစ်နံ့ကို ဆယ်ပြည်ထွက်တယ်၊ ဖြိုးအက်လို့သီး" ဆိုသည်တွင် ချီးကျူးအံ့သြဖွယ်ဖြစ်အောင် စပ်ဆိုထားသောစာသည် အဒ္ဘုတရသမြောက်ပေသည်။

**စာပေ၏ အဘိဓမ္မာ**

ရသသည် စာပေ၏အဘိဓမ္မာဖြစ်သည်ဟုလည်း ဆိုကြသည်။ ထို့ပြင် ရသသည် စားသောက်ဖွယ်ရာကို အရသာရှိအောင် လုပ်ဆောင်သည်နှင့် သဘောချင်းတူပြီး စာပေကို အရသာရှိအောင်၊ ဖတ်ရှုချင်လာအောင်ပြုလုပ်ရသည့် အရာမျိုးပင်ဖြစ်သည်ဟုလည်း ဆိုပြန်ပေသည်။ ပွဲကြည့်သော သူတို့သည်လည်းကောင်း၊ သီချင်း၊ ရတု၊ ကဗျာအစရှိသော အဖွဲ့၌ အနက်ကိုဆင်ခြင်အပ်သောသူတို့သည်လည်းကောင်း၊ အကြင်နှစ်သက်အပ်သောသဘောကို ပျား၊ ထောပတ် စသောအရသာတို့ကိုစားရာ သာယာဘိသကဲ့သို့လည်းကောင်း သာယာအပ်သည်။ ထို့ကြောင့် ဤသာယာနှစ်သက်အပ်သောသဘောကို ပညာရှိတို့က "ရသ"မည်၏ဟုဆိုချေသည်။ မည်သို့ပင်ဆိုစေကာမူ ရသသည် စာပေအတွက်မရှိမဖြစ်အရာတစ်ခုဆိုသည်မှာ သေချာမှုတစ်ရပ်ပင်ဖြစ်ပေသည်။ ဆရာမောင်ခင်မင်(ဓနုဖြူ)ကလည်း ရသနှင့်ပတ်သက်၍ "အဆင့်အတန်းရှိသော ကဗျာအပါအဝင် ရသစာပေသည် ပရိသတ်၌ ရသဟူသော နှစ်သက်ခြင်းကိုဖြစ်စေလျက် ရသနှင့်အတူပတ်ဝန်းကျင်ကို သတိပြုမိစေခြင်းဖြင့် ကိုယ့်အတွက်သာ စဉ်းစားချင်သော ငါစွဲလျော့ပါးစေပြီး ဘဝအမောပြေစေနိုင်သည်"ဟုဆိုသည်။

**ကိုးကား**

- **ဇေယျ-အရှင်စန္ဒဝရ၏ အလင်္ကာစံအိမ်**
- **ဦးထွန်းရွှေ၏ ဂုဏ်ရသအလင်္ကာ စိစစ်ဖြေဆိုနည်း**
- **ရွှေဟသ်ာဆရာတော်၏ မြန်မာအလင်္ကာကျမ်း**
- **ဦးကျော်ဝင်း၏ အလင်္ကာဗျူဟာ**
- **ဦးသော်ဇင်၏ ကဗျာလမ်းညွှန်**

## နိုင်ငံတကာ သတင်းများ

# စပိန်ဘုရင် ဖိလစ်ပီ-၆ တရုတ်နိုင်ငံသို့ လာရောက်မည်

**ပေကျင်း နိုဝင်ဘာ ၃**

စပိန်ဘုရင် ဖိလစ်ပီ-၆ သည် နိုဝင်ဘာ ၁၀ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် လာရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးစဉ်သည် စပိန်ဘုရင်တစ်ဦးအတွက် ၁၈ နှစ်တာကာလအတွင်း ပထမဆုံးတရုတ်နိုင်ငံခရီးစဉ်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုများရယူနိုင်ရေး၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးတို့အတွက် စပိန်အစိုးရက ကြိုးပမ်းနေချိန်တွင် တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ရန် စပိန်ဘုရင် ဖိလစ်ပီ-၆ က စီစဉ်ထားခြင်းဖြစ်သည်။

စပိန်ဘုရင် ဖိလစ်ပီ-၆၏ လာမည့်ခရီးစဉ်သည် တရုတ်နှင့်စပိန် နှစ်နိုင်ငံမဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

တရုတ်နိုင်ငံနှင့် ဆက်ဆံရေးနီးစပ်လာမှုကို ဆင်ခြင်ရန် အမေရိကန်နိုင်ငံက သတိပေးထားသည့်တိုင် စပိန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုမြှင့်တင်ရန် တက်တက်ကြွကြွ ကြိုးပမ်းလျက်ရှိသည်။

စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ် ကိုယ်တိုင်သည် ဝန်ကြီးချုပ်အဖြစ် တရုတ်နိုင်ငံသို့ သုံးကြိမ်ထိ သွားရောက်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား အနည်းဆုံး လူပေါင်း ၂၀ သေဆုံး

**ဒေလီ နိုဝင်ဘာ ၃**

အိန္ဒိယနိုင်ငံ တောင်ပိုင်း တီလန်ဂါနာပြည်နယ်၌ ယနေ့တွင် ကွန်ကရစ်တုံးတင်ကုန်တင်ယာဉ်တစ်စီးနှင့် ခရီးသည်တင်ဘတ်စကားတစ်စီးတို့ ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူပေါင်း ၂၀ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုသည် တီလန်ဂါနာပြည်နယ် ချီဗယ်လာမြို့အနီး ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှု ဖြစ်စဉ်အတွင်း လူပေါင်း ၂၄ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ခရီးသည်ဦးရေ ၇၀ ခန့် လိုက်ပါလာသည့် အဆိုပါခရီးသည်တင်ဘတ်စကားသည် ဟိုက်ဒရာဘတ်စ်မြို့သို့ ဦးတည်မောင်းနှင်နေစဉ် ကွန်ကရစ်တုံးတင်ကုန်တင်ယာဉ်နှင့် ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ခရီးသည်တင် ဘတ်စကားသည် အခြားယာဉ်တစ်စီးကို ကျော်တက်ရန် ကြိုးစားစဉ် အဝေးပြေးလမ်းပေါ်၌ ရပ်ထားသည့် ကုန်တင်ယာဉ်ကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။


အိန္ဒိယနိုင်ငံ အဝေးပြေးလမ်းများပေါ်၌ ကုန်တင်ယာဉ်များနှင့် နောက်တွဲယာဉ်များသည် အန္တရာယ်ရှိသည့် ပုံစံများဖြင့် ရပ်နားထားလေ့ ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO




# ရုရှားဝန်ကြီးချုပ် မီရှူစတင် နှစ်ရက်ကြာတရုတ်နိုင်ငံခရီးစဉ်စတင်



**မော်စကို နိုဝင်ဘာ ၃**

ရုရှားဝန်ကြီးချုပ် မစ်ခေးလ် မီရှူစတင်သည် နှစ်ရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို ယနေ့တွင် စတင်ခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ရုရှားဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ တရုတ်ဝန်ကြီးချုပ် လီချန်းတို့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ရုရှားမီဒီယာများ၏ အဆိုအရ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်သည် တရုတ်နှင့် ရုရှား နှစ်နိုင်ငံကြား စီးပွားရေးနှင့် နည်းပညာကဏ္ဍာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ရုရှားဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်သည် ယနေ့တွင် ဟန်ကျိုးမြို့၌ တရုတ်ဝန်ကြီးချုပ်လီချန်းနှင့် ဦးစွာတွေ့ဆုံရန် စီစဉ်ထားသည်။

ယင်းနောက် နိုဝင်ဘာ ၄ ရက်တွင် ပေကျင်းမြို့သို့ ဆက်လက်သွားရောက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရန် ဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်က စီစဉ်ထားကြောင်း ရုရှားမီဒီယာများ၏အဆိုအရ သိရသည်။

ဝန်ကြီးချုပ် မီရှူစတင်၏ တရုတ်နိုင်ငံခရီးစဉ်သည် အလွန်အရေးကြီးသော ခရီးစဉ်ဖြစ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

Ref : RT

Trs : KKO

# လီကွမ်ယု၏နေအိမ်ကို အမျိုးသားအထိမ်းအမှတ်အဖြစ် ထားရှိရန်စီစဉ်ထားကြောင်း စင်ကာပူအစိုးရကြေညာ

**စင်ကာပူ နိုဝင်ဘာ ၃**



စင်ကာပူနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် လီကွမ်ယု၏ နေအိမ်ကိုအမျိုးသားအထိမ်းအမှတ်နေရာအဖြစ် သတ်မှတ်ရန် စီစဉ်ထားကြောင်း စင်ကာပူအစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

စင်ကာပူ ခေါင်းဆောင်ကြီး လီကွမ်ယု၏နေအိမ်သည် တစ်ထပ်ဘန်ဂလို အမျိုးအစားနေအိမ်ဖြစ်ပြီး ၁၈၉၈ ခုနှစ်တွင် စင်ကာပူမြို့လယ်၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အကဲဖြတ် အကြံပြုချက်များအရ လီကွမ်ယု၏နေအိမ်မှာ အမျိုးသား အထိမ်းအမှတ်တစ်ခုအဖြစ် သတ်မှတ်သင့်သည့် နေရာဖြစ်ကြောင်း စင်ကာပူအစိုးရ အမျိုးသားအမွေအနှစ်ဘုတ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လီကွမ်ယု၏ နေအိမ်သည် ကိုလိုနီနယ်မြေ တစ်ခုအဖြစ်မှ လွတ်လပ်သည့် နိုင်ငံအဖြစ်သို့ စင်ကာပူအသွင်ကူးပြောင်းခဲ့သော ၁၉၅၀ ပြည့်နှစ်များ ကာလဖြစ်စဉ်များကို သက်သေခံနေသောနေရာဖြစ်ကြောင်း အမျိုးသားအထိမ်းအမှတ်ဘုတ်အဖွဲ့က သုံးသပ်ထားသည်။

သို့ရာတွင် ယင်းနေအိမ်ကို ဖြိုဖျက်လိုသည့် ဆန္ဒရှိကြောင်း ၂၀၁၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သော စင်ကာပူ ခေါင်းဆောင်ကြီး လီကွမ်ယုက အတိအလင်းထုတ်ဖော်ပြောကြားခဲ့ဖူးသည်။

လီကွမ်ယု ကွယ်လွန်ပြီးနောက် ကျန်ရစ်သည့်သားသမီးများကြား ယင်းနေအိမ်နှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ခဲ့ရာ စင်ကာပူပြည်သူများကြား စိတ်ဝင်စားသည့်ပြဿနာ ဖြစ်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နယ်စပ်တစ်လျှောက်ချထားသော လက်နက်ကြီးများ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ စတင်ရုပ်သိမ်းနေ

**ဗန်ကောက် နိုဝင်ဘာ ၃**

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပိုင်ဆိုင်ခွင့်အငြင်းပွားနယ်စပ်တစ်လျှောက် ချထားသည့် လက်နက်ကြီးများကို ပြန်လည်စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ နယ်စပ်တစ်လျှောက် ချထားသည့် လက်နက်ကြီးများကို ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က စတင်ရုပ်သိမ်းနေခြင်းဖြစ်သည်။

ယင်းအပြင် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် မြေမြှုပ်မိုင်းရှင်းလင်းမှုများကိုလည်း ထိုင်းနှင့် ကမ္ဘောဒီးယားတို့က စတင်ရှင်းလင်းနေပြီဖြစ်ကြောင်း ထိုင်းအစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပြီးခဲ့သည့်ရက်သတ္တပတ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ထပ်မံတိုးချဲ့ပြင်ဆင်ထားသည့် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးခဲ့ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကိုယ်တိုင် အသိသက်သေအဖြစ် တက်ရောက်ခဲ့သည်။

ယခုနှစ် ဇူလိုင်လအတွင်း ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားတို့ကြား ငါးရက်ကြာ နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ရာ နှစ်ဖက်ပြည်သူ အနည်းဆုံး၄၈ဦးသေဆုံးခဲ့ရသည်။

သို့ရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ထိုင်းနှင့် ကမ္ဘောဒီးယားတို့သည် ဇူလိုင် ၂၈ ရက်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယအမျိုးသားအာကာသအေဂျင်စီက CMS-03 စစ်သုံးဆက်သွယ်ရေးဂြိုဟ်တု တစ်စင်းကို အောင်မြင်စွာလွှတ်တင်



**နယူးဒေလီ နိုဝင်ဘာ ၃**

အိန္ဒိယအမျိုးသား အာကာသ အေဂျင်စီသည် CMS–03 အမည်ရှိ စစ်သုံး ဆက်သွယ်ရေးဂြိုဟ်တု တစ်စင်းကို နိုဝင်ဘာ ၂ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

CMS–03 ဆက်သွယ်ရေး ဂြိုဟ်တုကို ဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် LVM–3 ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၆ မိနစ်အကြာတွင် LVM–3 ဒုံးပျံသည် CMS–03 ဆက်သွယ်ရေးဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အလေးချိန်ကီလိုဂရမ် ၄၄၀၀ ရှိသည့် CMS–03 ဂြိုဟ်တုသည် အိန္ဒိယနိုင်ငံက လွှတ်တင်ခဲ့ဖူးသမျှ အကြီးမားဆုံး ဆက်သွယ်ရေး ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

CMS–03 ဆက်သွယ်ရေး ဂြိုဟ်တုသည် လက်ရှိပတ်လမ်းမှ တစ်ဆင့် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာရှိ ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် အိန္ဒိယ ရေတပ်၏ ဆက်သွယ်ရေး ဂြိုဟ်တုအဖြစ် တာဝန်ယူမည်ဖြစ်သည်ဟု အိန္ဒိယစစ်ဘက်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံ၏ဒုံးအင်ဂျင်ကို စမ်းသပ်

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံ၏ ဒုံးအင်ဂျင်ကို စမ်းသပ်ခဲ့ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံ၏ဒုံးအင်ဂျင်များ စမ်းသပ်မှုကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသ စခန်းပစ်စင်အမှတ် အယ်လ်စီ–၃၆ အေတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် လာမည့် နိုဝင်ဘာ ၉ ရက်တွင် New Glenn ဒုံးပျံကို ဒုတိယအကြိမ် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါမစ်ရှင်အတွင်း New Glenn ဒုံးပျံသည် အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ESCAPDE အင်္ဂါဂြိုဟ် လေ့လာရေးအာကာသယာဉ် နှစ်စင်းကို ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

New Glenn ဒုံးပျံဒုံးအင်ဂျင် စမ်းသပ်မှုတွင် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ဒုံးပျံယာဉ် ပထမ အဆင့် ပင်မကိုယ်ထည်၏ ဘီအီး–၄ အမျိုးအစား ဒုံးအင်ဂျင်ခုနစ်လုံးကို ၃၈ စက္ကန့်ကြာ စက်နှိုးစမ်းသပ်ခဲ့ကြောင်း သိရသည်။



ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံကို ယခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်၏ အကြိမ် ၁၀၀ မြောက် စတားလင့်ခ်မစ်ရှင်ကို လွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်၏ အကြိမ် ၁၀၀ မြောက် စတားလင့်ခ်မစ်ရှင်ကို လွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။



စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းသယ်ဆောင်ထားသည့် ဖယ်လ်ကွန်–၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်–၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

စပေ့အိတ်ကုမ္ပဏီသည် အဆိုပါ အကြိမ် ၁၀၀ မြောက်မစ်ရှင်အပါအဝင် ဖယ်လ်ကွန်–၉ မစ်ရှင်ပေါင်း ၁၃၉ ကြိမ်ထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း၊ အထက်ပါ ဖယ်လ်ကွန်–၉ မစ်ရှင်များအနက် အကြိမ် ၁၀၀ မှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သည့် ဖယ်လ်ကွန်–၉ မစ်ရှင်များဖြစ်ကြသည်။

စပေ့အိတ်ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု အစင်း ၁၀၀၀၀ ကျော် လွှတ်တင်ထားရာ လက်ရှိအချိန်တွင်အထက်ပါ စတားလင့်ခ်ဂြိုဟ်တုများအနက် ၈၀၀၀ ကျော်တို့မှာ အင်တာနက် ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ကိုဗစ်ကူးစက်ခံခဲ့ရသူမိခင်များက မွေးဖွားသော ကလေးများတွင် အော်တစ်ဇင်ဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် နိုဝင်ဘာ ၃**

ကိုယ်ဝန်ဆောင်ထားစဉ် ကိုဗစ်ရောဂါကူးစက်ခံထားရသူ မိခင်များက မွေးဖွားလာသည့် ကလေးများတွင် အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ကပ်ဘေးကာလ ပထမနှစ်အတွင်း မွေးဖွားလာသောကလေး ၁၈၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ကိုဗစ်ကူးစက်ဖြစ်ပွားခဲ့သူမိခင်များက မွေးဖွားလာသောကလေးများသည် ကိုဗစ်ရောဂါမရှိသည့်မိခင်လောင်းများ မှ မွေးဖွားလာသော ကလေးများနှင့် နှိုင်းယှဉ်ပါက အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်း ပိုမြင့်မားနေသည်ကိုတွေ့ရကြောင်း၊ ထို့ပြင် အဆိုပါ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင် ခြေ မြင့်တက်လာမှုကို ယောကျ်ားကလေးများတွင် ပို၍ တွေ့ရှိရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အထက်ပါလေ့လာတွေ့ရှိချက်သည် ကိုယ်ဝန်ဆောင်ကာလ အတွင်း မိခင်လောင်းများအနေဖြင့် ကိုဗစ်ကာကွယ်ဆေး ထိုးနှံရန် အရေးကြီးပုံကို ပြသနေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အနံ့ခံအာရုံပျောက်ဆုံးမှုက နှလုံးသွေးကြော ရောဂါများ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်

**နယူးယောက် နိုဝင်ဘာ ၃**

အနံ့ခံအာရုံပျောက်ဆုံးမှုသည် နှလုံးသွေးကြော ရောဂါများ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မစ်ချီဂန်ပြည်နယ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အနံ့ခံအာရုံပျက်စီးမှုနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

နှလုံးသွေးကြောဆိုင်ရာရောဂါ (CHD) သည် နှလုံးသွေးကြောများအတွင်း အဆီများပိတ်ဆို့မှုကြောင့် နှလုံးထံသွေးရောက်ရှိမှု ပြတ်တောက်ချိန်တွင် ဖြစ်ပွားတတ်ပြီး ရင်ဘတ်အောင့်ခြင်း၊ နှလုံးရုတ်တရက်ဖောက်ခြင်းနှင့် နှလုံးခုန်ရပ်တန့်ခြင်းများ ခံစားရတတ်ကြောင်း၊ နှလုံးသွေးကြောရောဂါမှာ ကြိုတင်ကာကွယ်နိုင်သည့် ရောဂါမျိုးဖြစ်သော်လည်း လူအတော်များများမှာ ၎င်းတို့တွင် အဆိုပါရောဂါရှိနေမှုကို မသိကြကြောင်း ဆေးပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အနံ့ခံအာရုံပျောက်ဆုံးမှုသည် နှလုံးသွေးကြောရောဂါများ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၅၁၄၂ ဦးတို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ရာ အနံ့ခံအာရုံထိခိုက်ပျက်စီးနေသူများ၌ နောင်လာမည့် လေးနှစ်အတွင်း နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေပုံမှန်ထက် နှစ်ဆ မြင့်တက်နေတတ်သည်ကို ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# LPGA Maybank Championship ပြိုင်ပွဲတွင် ချန်ပီယံဆုကို ယာမာရှီတာ ဆွတ်ခူး

**ကွာလာလမ်ပူ နိုဝင်ဘာ ၃**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် LPGA Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ် ယာမာရှီတာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နောက်ဆုံးနေ့ အပြီးတွင် ယာမာရှီတာ၊ ဩစတေးလျ ဂေါက်သီးရိုက်မယ် ဟန်နာဂရင်းနှင့် တောင်ကိုရီးယားဂေါက်သီးရိုက်မယ်ချိုဟေဂျင်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက် ထက် ၁၈ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့ကြသည်။

ချန်ပီယံဆုအဆုံးအဖြတ်အတွက် Play-off အဆင့် ယှဉ်ပြိုင်ကစားခဲ့ရာ ယာမာရှီတာက အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ယခုနှစ် LPGA Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ပြီး ချန်ပီယံဆု အဆုံးအဖြတ်အတွက် ပြိုင်ပွဲဝင်သုံးဦးထိ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ယာမာရှီတာက "စိတ်လှုပ်ရှားစရာကောင်းပြီး တကယ်ကို ခက်ခဲတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ နောက်ဆုံးနေ့ထိ အကောင်းဆုံးကစားနိုင်ခဲ့ပေမဲ့လဲ ချန်ပီယံဆု အဆုံးအဖြတ်အတွက် Play-off အဆင့်ထိ အကြိတ်အနယ် ကစားခဲ့ရတယ်။ အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့လို့ ချန်ပီယံဆုကို ကိုင်မြှောက်ခွင့်ရခဲ့တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**
**Trs : AZL**




# အယ်ဗာရက်ဇ်ထံမှ ကမ္ဘာ့အဆင့် (၁)နေရာကို ဂျန်နစ်ခ်ဆင်နာ ပြန်လည်လွှဲပြောင်းရယူနိုင်ခဲ့

**ပဲရစ် နိုဝင်ဘာ ၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် Paris Masters တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ၂၀၂၄ ခုနှစ် တင်းနစ်ရာသီအကုန်တွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နိုင်ခဲ့သလို ယခုနှစ် ဩဂုတ်လထိ ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နိုင်ခဲ့သူ ဖြစ်သော်လည်း စက်တင်ဘာလတွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရရှိသွားခဲ့ပြီး ဂျန်နစ်ခ်ဆင်နာက Paris Masters တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရရှိသွားခဲ့သည်။

အယ်ကာရက်ဇ်က ကမ္ဘာ့အဆင့်(၂)နေရာသို့ ကျဆင်းသွားခဲ့ရပြီး ဂျာမနီတင်းနစ်ကစားသမားဇီရက်ဖ်က ကမ္ဘာ့အဆင့်(၃)၊ အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်က ကမ္ဘာ့အဆင့်(၄)၊ ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ကလဲ ကမ္ဘာ့အဆင့်(၅)၊ အမေရိကန်တင်းနစ်ကစားသမား ဘင်ရှယ်လ်တန်က ကမ္ဘာ့အဆင့်(၆)၊ ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနော၁က ကမ္ဘာ့အဆင့်(၇)၊ ကနေဒါတင်းနစ်ကစားသမား ဖီလစ်အူကာက ကမ္ဘာ့အဆင့်(၈)၊ အီတလီတင်းနစ်ကစားသမား မူဆက်တီက ကမ္ဘာ့အဆင့်(၉)၊ နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်က ကမ္ဘာ့အဆင့်(၁၀)နေရာတွင် အသီးသီး ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Forbes**
**Trs : AZL**

# တိုက်စစ်မှူးဟာလန်း ပရီးမီးယားလိဂ်ပြိုင်ပွဲ လေးပွဲဆက် သွင်းဂိုး နှစ်ဂိုး သွင်းယူသည့် မှတ်တမ်းကောင်းရရှိ




**မန်ချက်စတာ နိုဝင်ဘာ ၃**

ပရီးမီးယားလိဂ် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ဘုန်းမောက်အသင်းတို့ပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းက မန်စီးတီးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ လေးပွဲဆက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တိုက်စစ်မှူး ဟာလန်းသည် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၁၇ မိနစ်နှင့် ပွဲကစားချိန် ၃၃ မိနစ်တို့တွင် ကွင်းလယ်ကစားသမားချာကီ၏ ဖန်တီးမှုမှ တစ်ဆင့် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ လေးပွဲဆက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းကောင်းကို ရရှိခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် အမှတ်ပေးပြိုင်ပွဲ လေးပွဲဆက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်သည့် ကစားသမားများအဖြစ် ၂၀၁၃ ခုနှစ်က လီဗာပူးအသင်းကစားသမား ဆွာရက်ဇ်နှင့် ၁၉၉၅- ၁၉၉၆ ဘောလုံးရာသီက လီဗာပူးအသင်းတွင် ကစားခဲ့သည့် ရော်ဘီဖောင်လာတို့က အစဉ်လိုက်ရပ်တည်နေသော်လည်း တိုက်စစ်မှူး ဟာလန်းက ဘုန်းမောက်အသင်းနှင့် ပွဲစဉ်အပြီးတွင် လေးပွဲဆက် နှစ်ဂိုးသွင်းယူနိုင်သည့် တတိယမြောက်ကစားသမားဖြစ်လာခဲ့သည်။

၎င်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲစလုံး ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၃ဂိုးထိသွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ် ဂိုးသွင်း အများဆုံးကစားသမားအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် မဟာယူနိုက်တက်အသင်းနှင့် ISPEအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပခဲ့ရာ မဟာယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ မဟာယူနိုက်တက် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရောဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် တီဗြိမ်မင်းက သွင်းယူပေးနိုင်ခဲ့သော်လည်း မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၇၀ တွင် အောင်လှိုင်ဝင်းနှင့် ပွဲချိန် ၈၂ မိနစ်တွင် ပက်ထရစ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ISPE အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ISPE အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သီဟဒီပ အားကစားကွင်းတွင် ဟံသာဝတီ ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**




# နည်းပြ ပါရဲရားနေရာတွင် ဂယ်ရီအိုနေးကို ပြန်လည်ခန့်အပ်ရန် ဝုဗ်အသင်း ပြင်ဆင်

**လန်ဒန် နိုဝင်ဘာ ၃**

ဝုဗ်အသင်းသည် ယခုရက်သတ္တပတ်အတွင်း ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် ဖူလ်ဟမ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ပါရဲရားကို ရာထူးမှထုတ်ပယ်၍ ယခင်အသင်းနည်းပြဟောင်း ဂယ်ရီအိုနေးကို နည်းပြသစ်ခန့်အပ်ရန် ပြင်ဆင်လျက်ရှိသည်။

နည်းပြပါရဲရားသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ဝုဗ်အသင်းကို အမှတ်ပေးပွဲ ၃၈ ပွဲတွင် ၁၄ ပွဲနိုင်၊ ၁၈ ပွဲရှုံး၊ ခြောက်ပွဲသရေ ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် တန်းဆင်းရမည့် အန္တရာယ်မှ လွတ်မြောက်အောင်စွမ်းဆောင်နိုင်ခဲ့၍ ပရိသတ်များ၏ထောက်ခံမှုကို ရယူနိုင်ခဲ့သည်။

သို့သော် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအနေဖြင့် ပြိုင်ပွဲစတင်ချိန်ကတည်းက နိုင်ပွဲရရှိရန် ခက်ခဲခဲ့ကာ အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲအပြီးတွင် ရမှတ် နှစ်မှတ်သာ ရရှိခဲ့ပြီး အမှတ်ပေးဇယား အောက်ဆုံးတွင် ရပ်တည်နေသဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက ပရိသတ်များ၏ ဆန့်ကျင်မှုနှင့် ရင်ဆိုင်ခဲ့ရကာ ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်အပြီးတွင် ရာထူးမှ ထုတ်ပယ်ခံရကြောင်း သိရသည်။

ဝုဗ်အသင်း တာဝန်ရှိသူများက ၂၀၂၃- ၂၀၂၄ ဘောလုံးရာသီက အသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင်ကူညီ၍ အမှတ်ပေးဇယား အဆင့်(၁၄)နေရာထိ ပို့ဆောင်ခဲ့သည့် ဂယ်ရီအိုနေးကို ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းသည် ဝုဗ်အသင်းကို တာဝန်ယူစဉ် အသင်းကိုတိုးတက်အောင် စွမ်းဆောင်ခဲ့သော်လည်း ကစားသမား အပြောင်းအရွှေ့နှင့်ပတ်သက်၍ တင်းမာမှုများ ရှိလာသောကြောင့် ရာထူးမှနုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

ဂယ်ရီအိုနေးသည် ဝုဗ်အသင်းကို တာဝန်မယူမီ ဘုန်းမောက်အသင်းကိုလည်း တန်းဆင်းဇုန်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ အကောင်းဆုံး လူငယ်နည်းပြများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

လက်ရှိတွင် ဝုဗ်အသင်းက ဂယ်ရီအိုနေးကို ဆွေးနွေးမှုပြုလုပ်နေစဉ်ကာလအတွင်း ယူ- ၂၁ အသင်းနည်းပြ ဂျိမ်းကောလင်းကို ခန့်အပ်သွားမည်ဖြစ်ပြီး နိုဝင်ဘာလအတွင်းကစားမည့် နိုင်ငံတကာ ပြိုင်ပွဲမတိုင်မီ နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက မောင်းသူမဲ့မြေပြင်သွားယာဉ်တင် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို မိတ်ဆက်ပြသ



ရုရှားနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Gumich RTK သည် ၎င်းတို့၏ မောင်းသူမဲ့ မြေပြင်သွားယာဉ်တင် လေကြောင်းရန် ကာကွယ်ရေးစနစ်အသစ်ဖြစ်သော Impulse-PVO (ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်း) ကို မော်စကိုမြို့တွင် ကျင်းပသည့် Interpolitex 2025 နိုင်ငံတကာပြပွဲ၌ မိတ်ဆက်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစနစ်ကို အနိမ့်ပျံကင်းထောက် ဒရုန်းများ တန်ပြန်တိုက်ခိုက်ရန် ဒီဇိုင်း ထုတ်ထားပြီး တိုက်ခိုက်ရာတွင် ရွေ့လျား စွမ်းအင်သုံး ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းများကို အသုံးပြုထားသည်။ အဆိုပါ စနစ်ကို တိုးတက်ပြောင်းလဲနေသော လေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများ အတွက် မောင်းသူမဲ့မြေပြင်သွား ယာဉ်တင်စနစ်ဖြင့် တုံ့ပြန်မှုပုံစံအဖြစ် တင်ပြထားသည်။ Impulse-PVO စနစ် တွင် Interceptor Drone (ကြားဖြတ် တိုက်ခိုက်ရေးဒရုန်း) ရှစ်စင်းတပ်ဆင်ထား သည်။ ဒရုန်းတစ်စင်းစီသည် အလေးချိန် ၁ ဒသမ ၃၅ ကီလိုဂရမ်ရှိပြီး တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ ထိ ရောက်ရှိနိုင်သည်။ ဤစနစ်သည် ဒုံးကျည်များကို အသုံး မပြုဘဲ မောင်းသူမဲ့မြေပြင်သွားယာဉ် ပေါ်မှပစ်လွှတ်သော ကြားဖြတ်တိုက်ခိုက် ရေးဒရုန်းများကို အသုံးပြုကာ အသေးစား ဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးရန် တီထွင်ထုတ်လုပ် ထားခြင်းဖြစ်သည်။ Gumich RTK ကုမ္ပဏီ၏ အဆိုအရ Impulse-PVO စနစ်သည် 700 MHz မှ 6200 MHz ထိ ကြိမ်နှုန်းနယ်ပယ်တွင် လည်ပတ်နိုင်သောကြောင့် ရှုပ်ထွေး နက်နဲသော လျှပ်စစ်သံလိုက်လှိုင်းပတ်ဝန်း ကျင်များတွင်ပင် လုပ်ဆောင်နိုင်ကြောင်း သိရသည်။

အရွယ်အစားကျစ်လျစ်သော စနစ် ကို အဝေးထိန်းချုပ်မှုဖြင့် လုပ်ဆောင် နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး ရုရှားနိုင်ငံ၏ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ တစ်စိတ် တစ်ပိုင်းဖြစ်သည်။ ထိုမဟာဗျူဟာသည် လှုပ်ရှားတပ်ဖွဲ့များ သို့မဟုတ် အရေးပါ သော အချက်အချာနေရာများအတွက် အနီးကပ်လေကြောင်းရန် ကာကွယ်ရေး တာဝန်ကို အလိုအလျောက်စနစ်ဖြင့် ထမ်းဆောင်နိုင်စေရန် ဖြစ်ကြောင်း သိရသည်။

Impulse-PVO စနစ်သည် ကိုယ်ပိုင် လုပ်ဆောင်နိုင်စွမ်း သို့မဟုတ် အဝေး ထိန်းချုပ်မှုဖြင့် တပ်ရင်း၊ တပ်ဖွဲ့များကို ကာကွယ်ရန် ဦးစားပေးထားသော ရုရှား နိုင်ငံထုတ် မောင်းသူမဲ့မြေပြင်သွားယာဉ် တင်အမျိုးအစားတွင် တစ်ခုအပါအဝင် ဖြစ်လာခဲ့သည်။ အဆိုပါစနစ်ကို အမှန် တကယ်စတင်အသုံးပြုမည့် အချိန်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးသော် လည်း ၎င်းကို အများပြည်သူရှေ့မှောက် ၌ တရားဝင်မိတ်ဆက်ခြင်းသည် ခေတ်သစ်ပဋိပက္ခများတွင် ဒရုန်းအသုံး ပြုမှုတိုးလာခြင်းကို ရင်ဆိုင်ဖြေရှင်းရန် ရုရှားနိုင်ငံ၏ ကျယ်ပြန့်သော အမျိုးသား ရေးကြိုးပမ်းမှုများကြားမှ ထွက်ပေါ်လာ ခြင်းဖြစ်သည်။

တာဝန်ရှိသူများက အဆိုပါ ကြားဖြတ် တိုက်ခိုက်ရေးဒရုန်းများနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း လူအများရှေ့တွင် တွေ့ရှိရခြင်းက Impulse-PVO စနစ်၏ နောက်ကွယ်ရှိ နည်းပညာကို သမားရိုးကျ စစ်ဘက်ဆိုင် ရာအသုံးပြုမှုအပြင် အနီးကပ်ကာကွယ် ရေးနှင့် VIP လုံခြုံရေးမစ်ရှင်များအတွက် ပါ လိုက်လျောညီထွေဖြစ်အောင် စတင် အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

**Russia unveils robotic air defense system** ကို ဘာသာပြန်ဆို ထားပါသည်။

## စင်ကာပူတပ်မတော်က စစ်ရေးလေ့ကျင့်မှုအတွင်း စနစ်တကျပူးပေါင်းပါဝင်ဖွဲ့စည်းထားသည့် ဒရုန်းအုပ်ကို တပ်ဖြန့်အသုံးပြုခဲ့

စင်ကာပူတပ်မတော် (Singapore Armed Forces – SAF) သည် ၎င်းတို့၏ သမိုင်းတစ်လျှောက် အကြီးမားဆုံးသော စစ်ရေးလေ့ကျင့်မှုအတွင်း စနစ်တကျ ပူးပေါင်းပါဝင် ဖွဲ့စည်းထားသည့် ဒရုန်း အုပ်ကို တပ်ဖြန့်အသုံးပြုခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တို ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစစ်ရေးလေ့ကျင့်မှုတွင် ကိုယ်တိုင် အလိုအလျောက် လုပ်ဆောင်နိုင်သော ဒရုန်း ၁၀၀ ကျော် ပါဝင်ပြီး စုစုပေါင်း ပျံသန်းချိန် နာရီ ၅၆၀ ကျော် ရှိခဲ့ကြောင်း သိရသည်။

လေ့ကျင့်မှု၏ အဆင့်အမျိုးမျိုးတွင် စုစုပေါင်း ဒရုန်းအစင်းရေ ၂၀၀ ကျော်ကို အသုံးပြုခဲ့ကြသည်။ ၎င်းဒရုန်းများသည် စနစ်တကျ ဖွဲ့စည်းပျံသန်းခြင်းဖြင့် 3D မြေပုံများ ထုတ်လုပ်ပေးနိုင်ခဲ့ကြပြီး စစ်မြေပြင်အနှံ့ အခြေအနေဆိုင်ရာ အချက်အလက်များကို မြေပြင်တပ် စခန်းများထံ ပေးပို့နိုင်ခဲ့သည်။

ဤစမ်းသပ်မှုတွင် ဒရုန်းများသည် စင်ကာပူ၏ လက်ရှိ ဒစ်ဂျစ်တယ်ကွပ်ကဲမှု ကွန်ရက်နှင့်မည်သို့ ချိတ်ဆက်လုပ်ဆောင် နိုင်သည်ကို စမ်းသပ်နိုင်ခဲ့သည်။ ဒရုန်း များက လေထဲတွင်တည်ရှိသည့် Airborne 5G relay nodes အဖြစ် ဆောင်ရွက်ပေး ခြင်းဖြင့် ပိုမိုကျယ်ပြန့်သော နေရာများထိ ဆက်သွယ်ရေးနှင့် အချက်အလက်မျှဝေ မှုကို ချဲ့ထွင်လုပ်ဆောင်နိုင်ခဲ့သည်။

စင်ကာပူတပ်မတော်သည် ဒရုန်းများ ဆီသို့ ဦးတည်ရွေ့လျားနေရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စစ်သည်များ၏ အသက်များကို ကာကွယ်ရန်၊ စစ်ဆင် ရေးများကို ပိုမိုထိရောက်စွာ၊ စွမ်းဆောင် ရည်မြင့်မားစွာ လုပ်ဆောင်နိုင်ရန်ဖြစ် ကြောင်း စမ်းသပ်မှု ဘေးအန္တရာယ်ကင်း ရှင်းရေးခေါင်းဆောင်ဖြစ်သူ Teo Liang Kai က ပြောကြားခဲ့သည်။

ကိုယ်ပိုင် လုပ်ဆောင်နိုင်စွမ်းဖြင့် ပေါင်းစပ်ထိန်းချုပ်မှုမှတစ်ဆင့် ကွပ်ကဲ မှုကို ပိုမိုရိုးရှင်းစေခြင်းဖြင့် စင်ကာပူ တပ်မတော်သည် ၎င်းတို့၏ စွမ်းရည်ကို သက်သေပြနိုင်ခဲ့သည်။ အဆိုပါစနစ်အရ စစ်သည်တစ်ဦးတည်းကပင် ဒရုန်းအစင်း ရေ ၂၀၀ ထိ ပါဝင်သည့်ကြီးမားသော ဒရုန်းအုပ်ကို တိကျစွာ ကွပ်ကဲနိုင်စွမ်းရှိ ကြောင်း သိရသည်။

ဤနည်းအားဖြင့် စစ်သည်များ သည် ရှေ့တန်းစစ်မျက်နှာပြင် နောက် ဘက်ပိုင်းတွင် ဘေးကင်းစွာ ဆက်လက် တည်ရှိနေနိုင်ပြီး အန္တရာယ်ရှိသော လုပ်ငန်း တာဝန်များကို ဒရုန်းများဖြင့် ဆောင် ရွက်နိုင်သောကြောင့် စစ်သည်များ၏ အသက်ဘေးအန္တရာယ် ကာကွယ်ရေး အတွက် အဓိက အထောက်အကူပြုနိုင် မည်ဖြစ်သည်။ စစ်ရေးလေ့ကျင့်မှု၏ အဓိကဗဟိုချက်မှာ DefendTex D155 ဟုခေါ်သော ဘက်စုံသုံး မိခင်ဒရုန်းယာဉ် ဖြစ်သည်။ ဤမိခင်ဒရုန်းယာဉ်သည်



ဒရုန်းငယ် ရှစ်စင်းထိ သယ်ဆောင်နိုင်ပြီး အဆိုပါဒရုန်းငယ်များသည် ခွဲထွက်ကာ လွတ်လပ်စွာဖြင့် ထောက်လှမ်းရေးနှင့် ကင်းထောက်ရေးမစ်ရှင်များကို ဆောင် ရွက်နိုင်သည်။

စင်ကာပူတပ်မတော် (SAF) က စစ် ရေးလေ့ကျင့်မှုတွင် ဒရုန်း ၂၀၀ ကျော် ပါဝင်သည့် အကြီးဆုံးဒရုန်းအုပ်စုကို အသုံးပြုခဲ့ခြင်းသည် ခေတ်သစ်စစ်ပွဲ၏ ဦးတည်ရာကို ထင်ဟပ်စေလျက်ရှိသည်။ စင်ကာပူတပ်မတော်သည် ဤလေ့ကျင့်မှု မှတစ်ဆင့် စစ်သည်များ၏ အသက်ကို ကာကွယ်ခြင်းနှင့်စစ်ဆင်ရေး စွမ်းဆောင် ရည်ကို ထိရောက်စွာ မြှင့်တင်ခြင်းဟူသည့် ရည်မှန်းချက်နှစ်ရပ်လုံးကို အကောင် အထည်ဖော်နေကြောင်း ထင်ရှားသည်။ အထူးသဖြင့် စစ်သည်တစ်ဦးတည်းကပင် ဒရုန်းအုပ်စုကြီးကို ထိန်းချုပ်နိုင်ခြင်းနှင့် လေထဲတွင် တည်ရှိသည့် 5G 5G relay nodes အဖြစ်အသုံးပြုကာ ဒစ်ဂျစ်တယ် ကွပ်ကဲမှုကွန်ရက်ကို ချဲ့ထွင်နိုင်ခြင်း တို့သည် ဒရုန်းအခြေပြုစစ်ဆင်ရေး နည်း ပညာတွင် စင်ကာပူ၏ ဦးဆောင်မှုအခန်း ကဏ္ဍကိုပြသနေကြောင်း သိရသည်။

**Singapore Unleashes Largest Coordinated Drone Swarm in 'Exercise** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# တူယှဉ်နွှဲပျော် တန်ဆောင်တိုင်ပွဲတော်

မောင်စိန်အိ(နဘဲမြေ)

**❖ မြန်မာနိုင်ငံတွင် တန်ဆောင်မုန်းလရောက်ပြီဆိုလျှင် ပွဲတော်များစွာ ကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ မီးပုံးပျံပွဲ၊ စတုဒိသာလှူဒါန်းပွဲ၊ ကျီးမနိုးပွဲ၊ မဲဇလီဖူးသုပ်ဝေငှသောပွဲ၊ ပုံ့သကူ ပစ်ပွဲများကို ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်များစွာအပြင် တန်ဆောင်မုန်းလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် သာမညဖလ သုတ်ရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပကြသည့် အခါတော်နေ့လည်းဖြစ်သည်။ ❖**

တန်ဆောင်မုန်းလသည် မိုးအကုန်ဆောင်းအကူးကြားကာလဖြစ်သည်။ ရာသီဥတုသည် ပုံမှန်အားဖြင့် သာသာယာယာရှိသည်။ ကောင်းကင်၌ မိုးတိမ်ကင်းစင်သဖြင့် ညအချိန်၌ ကြည်လင်တောက်ပသော လရောင်ကို အပြည့်အဝခံစားခွင့်ရရှိသကဲ့သို့ အနည်းငယ်လည်း အေးလာပြီဖြစ်သည်။

"တန်ဆောင်မုန်း ဗြိစ္ဆာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး၊ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်စိုး" ဟု ကင်းဝန်မင်းကြီးက သံပေါက်လင်္ကာဖြင့် ဖွဲ့ဆိုခဲ့သည်။ တန်ဆောင်မုန်းလကို ဗေဒင်အခေါ်အရ ဗြိစ္ဆာရာသီဟုခေါ်သည်။ ရာသီရုပ်မှာ ကင်းမြီးကောက်၊ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့ပင်ဖြစ်သည်။

**စေတနာသဒ္ဓါတရားထက်သန်**

နှစ်စဉ် တန်ဆောင်မုန်းလရောက်ပြီဆိုလျှင် အလှူအတန်းများ၊ ကထိန်ပွဲတော်များအတွက် မမောမပန်းအလုပ်ရှုပ်နေကြသည်။ အားလုံး၏ တူညီသော စိတ်စေတနာသည် ကောင်းမှုကုသိုလ်ပြုလုပ်ရန်ဖြစ်သည်။ ချစ်စရာမြန်မာ့ဓလေ့ပင်ဖြစ်သည်။ လအလိုက်ရာသီပွဲတော်များ ကျင်းပပြီး အလှူအတန်းပြုလုပ်ကြသည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းထားကြသည်။ ထိုသို့ ပွဲတော်များကျင်းပခြင်းသည် အပျော်အပါးသက်သက်အတွက် ငွေကြေးသုံးစွဲနေခြင်းမျိုးမဟုတ်ပေ။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်ကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းထားသကဲ့သို့ အခြားတစ်ဖက်တွင်လည်း လုပ်ငန်းခွင်၌ ပင်ပန်းနေသူများကို စိတ်ထွက်ပေါက်ပေးထားခြင်းပင်ဖြစ်သည်။ ထို့ပြင် တစ်နယ်တစ်ကျေးတွင် ရောက်ရှိနေသော မိသားစုများ စုံစည်းခွင့်ရသည့်အချိန်အခါဖြစ်သည်။

မြန်မာနိုင်ငံတွင် တန်ဆောင်မုန်းလရောက်ပြီဆိုလျှင် ပွဲတော်များစွာ ကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ မီးပုံးပျံပွဲ၊ စတုဒိသာလှူဒါန်းပွဲ၊ ကျီးမနိုးပွဲ၊ မဲဇလီဖူးသုပ်ဝေငှသောပွဲ၊ ပုံ့သကူပစ်ပွဲများကို ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်များစွာအပြင် တန်ဆောင်မုန်းလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် သာမညဖလသုတ်ရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပကြသည့်အခါတော်နေ့လည်းဖြစ်သည်။ ထိုပွဲတော်အားလုံးကို လွှမ်းခြုံကြည့်မည်ဆိုလျှင် အလှူအတန်းနှင့်ဆက်စပ်လျက်ရှိသည်။ အမှန်စင်စစ်မှာမူ မြန်မာတို့၏ စေတနာသဒ္ဓါတရားထက်သန်ရက်ရောမှုကို ဖော်ညွှန်းနေခြင်းဖြစ်သည်။

**သာမညဖလအခါတော်နေ့**

တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့ဖြစ်သည်။ သာမညသည် သာမဏေ၊ ရဟန်းပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရရှိသည်။ ဖလသည် အကျိုးကျေးဇူးပင်ဖြစ်သည်။ ဆိုလိုသည်မှာ သာမညဖလသည် ရဟန်းပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ မြတ်စွာဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကို သာမညဖလသုတ္တန်ဒေသနာတော် (ရဟန်းပြုခြင်းအကျိုး) ကို ဟောကြားတော်မူခဲ့သည်။ အဇာတသတ်မင်းသည် ထိုသုတ္တန်ဒေသနာတော်ကိုနာကြားရပြီးနောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ်သို့ ရောက်ရှိခဲ့သည်။ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအပေါ်ကျူးလွန်ခဲ့သည့်ပြစ်မှုများကြောင့် အိပ်မပျော်စားမဝင်ဖြစ်နေသော အဇာတသတ်မင်း၏ ရောဂါဝေဒနာများ ချုပ်ငြိမ်းသွားခြင်း၊ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အသက်ပေးကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့မကျရောက်တော့ဘဲ လောဟကုမ္ဘီငရဲ၌သာ ကျရောက်ခြင်း၊ နောင်အခါ ဝိဇိတာဝီအမည်ရှိ ပစ္စေကဗုဒ္ဓဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည့် ပုဂ္ဂိုလ်ဖြစ်ခြင်း စသည့်အကျိုးတရားများ ခံစားရသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပလာခြင်းဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ရောက်လျှင် နိုင်ငံတစ်ဝန်းရှိဘုရား၊ စေတီပုထိုးများတွင် သာမညဖလသုတ္တန်ကိုလည်း ရွတ်ဖတ်ပူဇော်ကြသည်။

**ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ**

ကထိန်သင်္ကန်းအလှူသည် ဗုဒ္ဓဘာသာဝင်တို့အတွက်မလှူမဖြစ် လှူဒါန်းသင့်သော အလှူဒါနတစ်ခုဟုပင်ဆိုနိုင်သည်။ သင်္ကန်းတွင် ကထိန်၊ ကျောင်းမှာသိမ်ဆိုသော စကားအတိုင်းပင် ကထိန်သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာကိုသာ ရည်မှန်းလှူဒါန်းရခြင်းဖြစ်သည်။ ကထိန်သင်္ကန်းသည် သံဃာများကိုသာ ရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါနမြောက်ခြင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍တန်ဆောင်မုန်းလပြည့်နေ့ထိသာ လှူဒါန်းရသဖြင့် ကာလဒါနမြောက်ခြင်း၊ သံဃာတော်များကို လာဘ်လာဘဖြစ်ထွန်းစေကာ ချမ်းသာစေခြင်း၊ လှူဒါန်းသူကို အကျိုးငါးပါးတိုးပွားစေခြင်းနှင့် သံဃာများကို ဝိနည်းသိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သော အာပတ်တို့ကို ပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံးဒါနတစ်ခုပင်ဖြစ်သည်။ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအကျိုးတရားများသည် ရေးသား၍ ကုန်နိုင်မည်မဟုတ်ချေ။ အနှစ်ချုပ်လိုက်မည်ဆိုလျှင် အမြတ်ဆုံးဒါနတစ်ခုပင်ဖြစ်သည်။

**မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲ**

မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းပွဲသည် မြတ်စွာဘုရားလက်ထက်တော်ကတည်းကပင် ရှိခဲ့သည်။ မိထွေးတော်ဂေါတမိအမှူးပြုသည့် နန်းတွင်းသူများသည် ဝါဂွမ်းမှအစ ချည်ငင်၊ ဆေးဆိုး၊ ရက်ကန်းစင်တွင်ရက်လုပ်၊ သင်္ကန်းချုပ်ခြင်းလုပ်ငန်းတို့ကို ညတွင်းချင်းအပြီး ဆောင်ရွက်ခဲ့ကြသည်။ နံနက်အာရုံတတ်ချိန်အမီ မြတ်ဗုဒ္ဓကို မသိုးသင်္ကန်းဆက်ကပ်လှူနိုင်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုအလေ့အထသည် မျက်မှောက်ကာလထိ ဆက်လက်ရှင်သန်နေဆဲပင်ဖြစ်သည်။ နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ စွယ်တော်မြတ်စေတီတော် အပါအဝင် တန်ခိုးကြီးဘုရားများတွင် ရက်ကန်းစင်များဖြင့် ပြည့်လျက်ရှိသည်။ မြတ်စွာဘုရားအတွက် မသိုးသင်္ကန်းရက်လုပ် လှူဒါန်းကြရန်ဖြစ်သည်။ နေ့ကူးသွားလျှင်ရက်လုပ်ထားသော ထိုသင်္ကန်းကို မသိုးသင်္ကန်းဟုမခေါ်ဆိုနိုင်တော့ပေ။ ထို့ကြောင့် ရက်ကန်းရက်လုပ်ကြသူများသည် ချွေးတစ်လုံးလုံးဖြင့် တစ်ညလုံးမမောမပန်း ကုသိုလ်ဇောဖြင့်ရက်လုပ်ကြသည်။

**ဆီမီးထွန်းပွဲတော်**

တန်ဆောင်မုန်းလပြည့်ညတွင် ကောင်းကင်ယံ၌ မိုးတိမ်ကင်းစင်ပြီး ကြယ်တာရာများ စုံညီစွာ ထွန်းလင်းတောက်ပလေ့ရှိသည်။ ရာသီဥတုသည် လွန်စွာသာယာလှပလျက်ရှိသည်။ ထိုသို့မိုးလေကင်းလွတ်သော ညချမ်းတွင် ဗုဒ္ဓအလောင်းတော်၏ ဆံတော်ကိုဌာပနာပြီး တာဝတိံသာနတ်ပြည်တွင် တည်ထားသည့် စူဠာမဏိစေတီတော်ကို ရည်မှန်းကာ ဗုဒ္ဓါနုဿတိပွားများလျက်ဆီမီးများဖြင့် ပူဇော်ကန်တော့ကြခြင်းဖြစ်သည်။ ထို့ပြင် မြတ်ဗုဒ္ဓကို ရည်မှန်းကာ မီးပုံးပျံပွဲများ၊ မီးရှူးမီးပန်း ပစ်ဖောက်ခြင်းတို့ကိုလည်းဆောင်ရွက်ကြသည်။ သာဓကအနေဖြင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မြတ်ဗုဒ္ဓကိုရည်မှန်းကာ ညမီးကျည်မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။ မြင်ရသူအားလုံး ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့နေအိမ်များတွင်လည်း မြတ်စွာဘုရားကိုရည်မှန်းပြီး ဆီမီးပူဇော်လှူဒါန်းသင့်သည်။ ဆီမီးလှူဒါန်းခြင်းအားဖြင့် အကျိုးများစွာကိုရရှိစေသည်။ လက်တွေ့အားဖြင့် ထိုဆီမီးအလင်းရောင်ကိုကြည့်ပြီး ပီတိဖြစ်ရသည်။

**မဲဇလီဖူးသုပ်ဝေငှခြင်း**

ထို့ပြင် ကြတ္တိကာနက္ခတ်စောင့်နတ်သားသည် တန်ဆောင်မုန်းလပြည့်နေ့တွင် လူ့ပြည်သို့ ဆင်းသက်လာသည်ဟုလည်း ယုံကြည်သက်ဝင်ကြသည်။ ထို့ကြောင့် ရှေးယခင်ကတည်းက မင်းနှင့်ပြည်သူတို့သည် ထိုနတ်သားကို ဆီမီးထွန်းညှိပူဇော်ခဲ့ကြသည်ဟုဆိုသည်။ ကြတ္တိကာနက္ခတ်စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်ည၌ ဆေးပင်စောင့်နတ်အပေါင်းတို့သည် မဲဇလီပင်စောင့်နတ်ကို လာရောက်ခစားကြသည်ဟုဆိုသည်။ ထို့ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည်ဟုလည်း ယုံကြည်ယူဆလျက် မဲဇလီဖူးသုပ်ကာဝေငှ အလှူအတန်းပြုကြသည်။ တစ်အိမ်နှင့်တစ်အိမ် အပြန်အလှန် ဝေငှစားသောက်ကြသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့ပင်ဖြစ်သည်။ ထို့ပြင် တန်ဆောင်မုန်းလပြည့်ည ၁၂ နာရီတိတိအချိန်ကို ဆေးပေါင်းခသည့်ည၏အစွမ်းထက်ဆုံး၊ အမြင့်မားဆုံးအချိန်အဖြစ် သတ်မှတ်ကာ မြန်မာတိုင်းရင်းဆေးဆရာကြီးများသည် ဆေးဝါးမျိုးစုံ ဖော်စပ်လေ့ရှိကြသည်။

**ပုံ့သကူအလှူ**

တန်ဆောင်မုန်းလပြည့်ညတွင် ဗုဒ္ဓဘာသာဝင်များသည် ပုံ့သကူပစ်ပွဲအလှူဒါနများကိုလည်း ပြုလုပ်ကြသည်။ ပုံ့သကူဟူသော ဝေါဟာရသည် ပါဠိဘာသာ "ပံသုကူလ"မှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုသည်။ အနီးစပ်ဆုံးအဓိပ္ပာယ်သည် ပိုင်ရှင်မဲ့ပစ္စည်းဖြစ်ပြီး တွေ့ရှိသူက အလိုရှိသလို သုံးစွဲနိုင်သောပစ္စည်းဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ ပုံ့သကူပစ်ခြင်းသည် ပစ္စည်းဥစ္စာပြည့်စုံသူများက ချို့တဲ့သူများ၊ မပြည့်စုံသူများအတွက် ရည်ရွယ်ကာ ပုဂ္ဂိုလ်စွဲမထားဘဲ လိုအပ်သလို အသုံးပြုနိုင်စေရန် ပစ်ထားခြင်းဖြစ်သည်။

**စတုဒိသာလှူဒါန်းပွဲ**

မြန်မာတို့၏ ချစ်စရာကောင်းသော ဓလေ့တစ်ခုမှာ သူတစ်ပါးကို ကျွေးမွေးလှူဒါန်းလိုခြင်းပင်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် ရပ်ကွက်၊ ကျေးရွာများတွင် စတုဒိသာလှူဒါန်းပွဲများ၊ နိဗ္ဗာန်ဈေးပွဲတော်များ ပြုလုပ်ကြသည်။ စတုဒိသာဆိုသည်မှာ အရပ်လေးမျက်နှာမှ ရောက်လာသူမှန်သမျှကို အယုတ်အလတ်အမြတ်မရွေး ညီ့ခံကျွေးမွေးခြင်း၊ အသုံးအဆောင်ပစ္စည်းများကို ကံစမ်းမဲဖောက်လှူဒါန်းကြခြင်းဖြစ်သည်။ တချို့သော ရုံး၊ ဌာနများ၊ ဝန်ထမ်းအိမ်ရာများ၌ အလှူရှင်များစုပေါင်း၍လှူဒါန်းမည့်ပစ္စည်းများကို ကံစမ်းမဲနှိုက်ယူပြီး မဲဖောက်ပေးခြင်းကို နိဗ္ဗာန်ဈေးပွဲတော်အဖြစ် ကုသိုလ်ပြုကြသည်။ ပျော်ရွှင်ဖွယ်ရာဓလေ့တစ်ခုပင်ဖြစ်သည်။

**တူယှဉ်နွှဲပျော် တန်ဆောင်တိုင်ပွဲတော်**

အထူးသဖြင့် တန်ဆောင်တိုင်ပွဲတော်ကာလတွင် လူငယ်များသည် အပျော်ကျူးတတ်ကြသည်ကိုလည်းတွေ့ရှိရသည်။ အုပ်ထိန်းသူမိဘများက သား၊ သမီးများကို အကျိုးသင့်အကြောင်းသင့်ရှင်းပြထားသင့်သည်။

ဆိုရလျှင် မြတ်ဗုဒ္ဓသည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးကိုသာမညဖလသုတ္တန်ဒေသနာတော် (ရဟန်းပြုရခြင်းအကျိုး) ကို ဟောကြားတော်မူခဲ့သည်။ ထို့ပြင် တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းဆက်ကပ်အလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ် လှူဒါန်းပူဇော်ပွဲတော်၊ ဆီမီးထွန်းပွဲတော်၊ မဲဇလီဖူးသုပ်ဝေငှသောပွဲတော်၊ ပုံ့သကူပွဲတော်များဖြင့် ထူးခြားလေးနက်လျက်ရှိသည်။ ထိုသို့ လေးနက်သော အခါသမယတွင် ဗုဒ္ဓဘာသာများအနေဖြင့် မလှူဒါန်းလိုက်ရသည့်အဖြစ်မျိုးမကြုံရလေအောင်၊ အခွင့်အခါကောင်းကို လက်လွှတ်မခံရလေအောင် တတ်နိုင်သည့်အလှူဒါနကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှူဒါန်းသွားသင့်ပေသည်။ တန်ဆောင်တိုင်ကာလတွင် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးတရားများရရှိနိုင်သည့်အတွက် ကထိန်သင်္ကန်းအလှူဒါနကို မိမိတို့၏ ချွေးနဲ့စာဖြင့် ကိုယ်တိုင်ကိုယ်ကြ ပါဝင်လှူဒါန်းသွားနိုင်ရန်ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

# အာဖဂန်နစ္စတန်နိုင်ငံ ဟိန္ဒူကွတ်ရှ်တောင်တန်းတွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး အခြေခံအဆောက်အအုံနှင့် လူနေအိမ်များပျက်စီးခဲ့



**ကဘူးလ် နိုဝင်ဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံ ဟိန္ဒူကွတ်ရှ် တောင်တန်းဒေသတွင် ပြင်းအား ၆ ဒသမ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး အခြေခံအဆောက်အအုံနှင့် လူနေအိမ်များ ပျက်စီးခဲ့ကြောင်း နိုင်ငံ၏ဘူမိသိပ္ပံသုတေသနဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ငလျင်သည် နိုဝင်ဘာ ၂ ရက် ည ၈ နာရီ ၂၉ မိနစ်တွင် လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်၏ ဗဟိုချက်သည် မြေအောက်အနက် ၁၀ ကီလိုမီတာခန့်တွင် ဖြစ်ပွားခဲ့ပြီး မြောက်လတ္တီတွဒ် ၃၆ ဒသမ ၅၂ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၆၇ ဒသမ ၅၈ ဒီဂရီတွင်ဖြစ်ကြောင်း သိရသည်။

ငလျင်အရှိန်ကြောင့် အခြေခံအဆောက်အအုံနှင့် လူနေအိမ်များစွာ ထိခိုက်ခဲ့ကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်များလည်း ပျက်စီးသွားခဲ့ကြောင်း၊ ငလျင်သည် ပြင်းအားများသဖြင့် အက်ကွဲ၊ ပြိုကျသွားသည့် အဆောက်အအုံများရှိသဖြင့် အဆိုပါ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်သွားရန်လိုကြောင်း သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် လူသေဆုံးမှုမရှိသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း၊ ငလျင်ကြောင့် ပျက်စီးခဲ့ရသည့် အဆောက်အအုံများကိုလည်း ရှင်းလင်းပြင်ဆင်မှုများဆောင်ရွက်နေကြောင်း၊ ယခုလှုပ်ခတ်ခဲ့သည့် ငလျင်ပြီးနောက် နောက်ထပ်ငလျင်ငယ်များ ထပ်မံလှုပ်ခတ်နိုင်သဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ပါကစ္စတန်နိုင်ငံ ဘာလိုချီစတန်စီရင်စုရှိ ခရိုင်များကို မိုးခေါင်ရေရှားမှု စောင့်ကြည့်အဆင့်သတ်မှတ်

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၃**

ပါကစ္စတန်နိုင်ငံ ဘာလိုချီစတန် စီရင်စုရှိ ခရိုင်များကို မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် စတင်ရင်ဆိုင်နေရပြီး မိုးခေါင်ရေရှားပါးမှုအခြေအနေအား စောင့်ကြည့်အဆင့်သတ်မှတ်ကြောင်း Met Department က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုပြဿနာကို ရင်ဆိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားမှုများ မရှိသည့်အတွက်ကြောင့်လည်း ဆိုးရွားသည့်ရိုက်ခတ်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ပါကစ္စတန် သုတေသီများက သုံးသပ်သွားခဲ့ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့်လည်း အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေသကဲ့သို့ အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့် ကျန်းမာရေးပြဿနာများဖြင့်လည်း ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့်နှင့် မိုးခေါင်မှုပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

"ဘာလိုချီစတန် စီရင်စုမှာ မိုးခေါင်မှုပြဿနာနဲ့ စတင်ရင်ဆိုင်နေရပါတယ်။ မိုးခေါင်မှုအခြေအနေကို စောင့်ကြည့်အခြေအနေ သတ်မှတ်လိုက်ပါတယ်။ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍက ကြီးမားတဲ့ ရိုက်ခတ်မှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ မိုးခေါင်မှုအခြေအနေကို စောင့်ကြည့်ပြီး လိုအပ်လာရင်လဲ အရေးပေါ်အခြေအနေ သတ်မှတ်ကြေညာသွားမှာလဲ ဖြစ်ပါတယ်"ဟု Met Department မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း နေရာတချို့၌ အန္တရာယ်ရှိသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသကဲ့သို့ နေရာတချို့တွင် အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ထို့ပြင် မိုးခေါင်ရေရှားပါးမှု ပြဿနာဖြင့်လည်း ရင်ဆိုင်ခဲ့ရသည့်အတွက် ပါကစ္စတန်နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုမှာ သိသိသာသာ မြင့်တက်နေသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်နေကြောင်း Met Department က သတိပေးသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဗီယက်နမ်နိုင်ငံ ဟွိုင်အန်မြို့တွင် ရေဘေးဒဏ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းသူများကို နေရပ်သို့ ပြန်လည်ဝင်ရောက်ခွင့်ပြု

**ဟန္နိုင်း နိုဝင်ဘာ ၃**

ဗီယက်နမ်နိုင်ငံ ဟွိုင်အန်မြို့တွင် အောက်တိုဘာ ၃၁ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားကာ ဒေသခံများ နေရပ်ကို စွန့်ခွာခဲ့ရပြီးနောက် ရေဘေးအန္တရာယ်ပြန်လည်တည်ငြိမ်ပြီဖြစ်၍ နိုဝင်ဘာ ၂ ရက်မှစ၍ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများကို နေရပ်သို့ ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဗီယက်နမ်အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ဟွိုင်အန်မြို့သည် UNESCO စာရင်းဝင် ရှေးဟောင်းသမိုင်းအမွေအနှစ် နေရာတစ်ခုဖြစ်ပြီး နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်သည့် မြို့ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတချို့ ရှိခဲ့သော်လည်း ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်များ ပျက်စီးဆုံးရှုံးခဲ့ခြင်းမျိုး မရှိကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သောဧရိယာများရှိ အပျက်အစီးများနှင့် အမှိုက်သရိုက်များကို ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း သိရသည်။



"ဟွိုင်အန်မြို့ ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူတွေကို နေရပ်ပြန်ခွင့်ပြုလိုက်ပါပြီ။ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေကိုလဲ ရှင်းလင်းရေးလုပ်ငန်းတွေဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဟွိုင်အန်မြို့ကို ရောက်ရှိလာပြီး ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ကမ္ဘာလှည့် ခရီးသည်တချို့ ပျက်စီးဆုံးရှုံးမှုတွေကို စိစစ်နေဆဲကလဲ မိခင်နိုင်ငံကိုမပြန်ဘဲ ပြန်လည် ဝင်ရောက်လာကြပါတယ်။ တချို့ဆိုရင် ရှင်းလင်းရေးလုပ်ငန်းတွေမှာပါ ပါဝင်ကူညီပေးနေကြပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ဖြစ်ပါတယ်"ဟု ဗီယက်နမ်အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုဖြင့် ရင်ဆိုင်နေရ

**နယူးဒေလီ နိုဝင်ဘာ ၃**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုဖြင့် ရင်ဆိုင်နေရကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် လေထုအရည်အသွေးနည်းပညာကုမ္ပဏီ (IQAir) ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ မြို့တော်နယူးဒေလီတွင် လေထုအရည်အသွေးညွှန်းကိန်း (AQI) ၄၀၀ ကျော်သွားသဖြင့် နယူးဒေလီမြို့အပါအဝင် မြို့တော်တော်များများတွင် မီးခိုးမြူများထူထပ်စွာဖုံးလွှမ်းနေပြီး နေထိုင်သူဒေသခံများ လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာအခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရသည်။

" အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူတွေ လာမဲ့ ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ နယူးဒေလီကနေ ခေတ္တအနားယူထွက်ခွာသင့်ပါတယ်"ဟု အဆုတ်အထူးကုဆရာဝန် ဂိုးပီချန်ခ်ခီလနီက ပြောကြားခဲ့သည်။

ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများက ပြည်သူများကို ဖြစ်နိုင်ပါက နေအိမ်များတွင် လေသန့်စင်စက်များကို တပ်ဆင်ပုံမှန်အသုံးပြုရန်နှင့် ပြင်ပသို့ မလိုအပ်ဘဲမထွက်ကြရန် အကြံပြုထားကြောင်း၊ ထို့ပြင် ပြည်နယ်ရှိ ဆရာဝန်များကလည်း နိုင်ငံအတွင်းတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာခံစားနေရသူဦးရေ ပိုမိုများပြားလာကြောင်း ပြောကြားခဲ့သည်။

လေထုအရည်အသွေး ဆိုးရွားစွာရင်ဆိုင်နေရသည့် ဒေသများမှာ အာနန်ဗီဟာ၊ ချန်ဒနီချောက်၊ နေရူးနာဂါ၊ အာရ်ကေပူရမ်နှင့် ရိုဟီနီ စသည်တို့ဖြစ်ပြီး AQI အညွှန်းကိန်း ၄၀၀ ကျော်သွားပြီး လေထု အရည်အသွေးသည် ဆိုးရွားနေကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း နယူးဒေလီအစိုးရသည် လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် ကျောက်မီးသွေးမီးရှို့ခြင်းနှင့် ဒီဇယ်အင်ဂျင်ကားများအသုံးပြုခြင်းများကို ထိန်းချုပ်သည့် တင်းကျပ်သည့် အစီအစဉ်များကို ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကင်ညာနိုင်ငံ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် သေဆုံးသူ ၂၆ ဦးထိ မြင့်တက်လာ

**နိုင်ရိုဘီ နိုဝင်ဘာ ၃**

ကင်ညာနိုင်ငံ အနောက်ဘက်ပိုင်းတွင် နိုဝင်ဘာ ၁ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ယနေ့ထိ သေဆုံးသူ ၂၆ ဦးထိ မြင့်တက်လာကြောင်း ကင်ညာပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ထို့ပြင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် ပျောက်ဆုံးနေသူ ၂၅ ဦးရှိနေပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အင်အားသုံးကာ ဆောင်ရွက်နေကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ဘေးလွတ်ရာရွှေ့ပြောင်းပေးမှုများ ပြုလုပ်ရာတွင်လည်း လေကြောင်းအကူအညီ ရယူထားကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများတွင် တပ်မတော်သားများကလည်း ပါဝင်ကူညီပေးနေပြီး ပျောက်ဆုံးနေသူများကို ဘေးကင်းစွာပြန်လည်ရှာဖွေပေးနိုင်ရေးကို ဦးစားပေး ဆောင်ရွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"နိုဝင်ဘာ ၁ ရက်က စတင်တဲ့ ရေဘေးအန္တရာယ်နဲ့ မြေပြိုကျမှုကြောင့် သေဆုံးသူ ၂၆ ယောက်ထိ မြင့်တက်လာပြီးတော့ ပျောက်ဆုံးနေသူ ၂၅ ယောက် ရှိနေပါတယ်။ ကယ်ဆယ်ရေး လုပ်ငန်းတွေကို အင်အားသုံး ဆောင်ရွက်ပေးနေပါတယ်။ လေကြောင်းအကူအညီကိုလဲ ရယူထားပါတယ်"ဟု ပြည်ထဲရေးဝန်ကြီး ကစ်ချမ်ဘာက ပြောကြားသွားခဲ့သည်။

ရေကြီးရေလျှံမှု အဓိကရင်ဆိုင်နေရသည့်ဧရိယာမှာ ချီဆောင်းဂိုချ်ဒေသဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်နေသောဧရိယာများတွင် မိုးရွာသွန်းမှုများ ဆက်လက် ဖြစ်ပေါ်လာနိုင်သည့်အတွက် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုအန္တရာယ် ပိုမိုဆိုးရွားလာနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်သွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla attend the opening of weaving Mathoe golden lotus robes in Tazaungdine festival 2025 at Maravijaya Buddha Image


Senior General Min Aung Hlaing and Daw Kyu Kyu Hla cut the ribbon to commence the weaving of Mathoe golden lotus robes for the Tazaungdine festival 2025 at the Maravijaya Buddha Image.

**Nay Pyi Taw November 3**

A ceremony to commence the weaving of Mathoe golden lotus robes for the Tazaungdine festival 2025 at the Maravijaya Buddha Image took place at the fountain square of the Maravijaya Buddha Park yesterday evening, and Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla attend the opening ceremony.

Also present at the ceremony together with the Senior General and his wife were Commission Vice Chairman Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission member and Prime Minister U Nyo Saw and his wife, Commission member and Executive Chief U Aung Lin Dwe and his wife, Commission Secretary and Joint Executive Chief General Ye Win Oo and his wife, commission members and their wives, Union-level dignitaries, Union ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command and officials, and weaving teams which will participate in the weaving of Mathoe golden lotus robes. These activities were crowded by pilgrims, monks and people.

On arrival at the venue of the ceremony, the Senior General and his wife were warmly welcomed by officials, ethnics from the Myanma Radio and Television, and cultural troupes from the Department of Fine Arts under the Ministry of Religious Affairs and Culture.

They all worshiped the Buddha with three-time recitation of Namo Tassa. Union Minister for Religious Affairs and Culture U Tin Oo Lwin read the message of "Jaya Mangala".

The Senior General and his wife cut the ribbon to commence the weaving of Mathoe golden lotus robes for the Tazaungdine festival 2025 at the Maravijaya Buddha Image.

As member of the Maravijaya Buddha Image Board of Trustees U Thant Swe launched the activities by beating the Mingala golden gong, weaving teams started their weaving efforts. Meanwhile, artistes from the MRTV, cultural troupes from the Department of Fine Arts under the Ministry of Religious Affairs and Culture and artistes from the Myawady Entertainment Troupe under the Directorate of Public Relations and Psychological Warfare performed

*See Page 13*


Senior General Min Aung Hlaing observes the weaving process of Mathoe golden lotus robes.


Various regions and states participating in the weaving process.


A hot-air balloon being released.

*From Page 12*

the song “Myaing-Myaing-Hsaing-Hsaing Latazaung-dine” with dances. Attendees to the ceremony released small hot-air balloons and lanterns simultaneously.

Moreover, those artistes entertained audiences with choral dances, Ozi and Dobat music and songs.

The Senior General and his wife together with audience interestingly observed weaving process of Mathoe golden lotus robes at 15 looms.

The Senior General, his wife and attendees watched releasing of night hot-air balloons and Seinnapan hot-air balloons together with pilgrims and people who visited the Tazaungdine lighting festival at the Maravijaya Buddha Image.

The Tazaungdine lighting festival will be held on a grand scale at the Maravijaya Buddha Image Park in Dekkhinathiri Township of Nay Pyi Taw Union Territory from 2 to 4 November. During the festival, associations will recite religious verses and offer 9,000 oil lights on the platform of the Image while fireworks will be launched and night hot-air balloons and Seinnapan hot-air balloons released dedicating to the Lord Buddha. Moreover, weaving of Matho golden lotus robes are carried out to offer them to the Buddha Image. In the precinct of Buddha Park, all structures are illuminated with LED lights. Micro, small and medium-sized enterprises (MSME) businesses display and sell domestic products, foodstuffs, personal goods and Myanmar tradition snacks at relevant stalls. In addition, renowned artistes perform song entertainment whereas theatrical troupes present theatrical performances. 100

# Farmers to cultivate more than 12,000 acres of wheat in Monywa District in coming cold season



A wheat plantation in Monywa District.

**Monywa November 3**

Monywa District Agriculture Department of Sagaing Region stated that local farmers will grow more than 12,000 acres of wheat in the district in coming cold season this year.

For the 2025–2026 winter crop season, a total of 12,921 acres of wheat are planned to be cultivated in Monywa District, with the distribution as follows: Monywa Township – 250 acres, Budalin Township – 453 acres, Ayadaw Township – 18 acres, and ChaungU Township – 12,200 acres.

Daw San San Myint, Head of the Monywa District Agriculture Department, said: “This year, over 12,000 acres of wheat are planned for cultivation in Monywa District during the winter crop season. Efforts will be made to meet the target acreage. We will conduct awareness sessions for farmers regarding wheat cultivation. To increase yields, irrigation and proper fertilization will be carried out, along with weeding. We will also encourage the use of quality, pure seed varieties to boost production.”

In Monywa District, efforts are being made to ensure that all winter crops are cultivated to meet the planned acreage, to increase wheat yields and quality, to promote systematic cultivation of high-quality wheat, and to reduce pest risks.

The cost of cultivating one acre of wheat is estimated at around K300,000, and each acre produces about 21 baskets of wheat.

Wheat is cultivated in October, November, and December, and harvested in February, March, and April. In Sagaing Township, white wheat varieties are grown the most.

In addition, respective township agriculture departments in Monywa District are providing training courses for farmers to help increase wheat yields, facilitate access to quality and pure seeds, and supply urea fertilizers at reasonable prices. 206

# YeU Township finishes cultivation of more than 80,000 acres of rainfed paddy

**YeU November 3**

According to the statistics of YeU District Agriculture Department, local farmers have planted a total of 81,013 acres of rainfed paddy in YeU Township of Sagaing Region this year.

For the 2025–2026 monsoon crop season, it is reported that YeU Township has planned to cultivate 81,662 acres of rainfed paddy, of which 81,013 acres have already been planted since cultivation began in June this year.

U Zaw Myint Tun, Head of the YeU District Agriculture Department, said: “This year, YeU Township planned to grow 81,662 acres of rainfed paddy during the monsoon crop season. As of today, 81,013 acres have already been cultivated. Efforts are being made to complete the remaining planned acreage. Necessary technologies and quality seeds will be provided for rainfed paddy cultivation, and field activities are being carried out to help farmers plant their crops in time.”

During this year’s monsoon crop season, the respective township agriculture department and local farmers are working together to ensure systematic cultivation without difficulties.

In YeU Township, agricultural staff members are providing farmers with technical assistance, awareness on pest prevention, and guidance to prevent crop losses, as well as advice on proper post-harvest handling to ensure timely storage of paddy under shelter.

The Agriculture Department and its staff are also conducting field supervision and technical support to ensure successful and high-yielding paddy fields, including the use of quality pure seeds, pest and disease control, weeding and thinning, removal of off-type plants, and systematic application of fertilizers. 206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myaung Township plans to grow more than 19,000 acres of winter sesame

**Myaung November 3**

Local farmers set a plan to grow more than 19,000 acres of winter sesame in Myaung Township of Sagaing Region, according to Sagaing District Agriculture Department.

For the 2025–2026 winter crop season, it is reported that 19,041 acres of winter sesame are planned to be cultivated in Myaung Township, with cultivation scheduled to take place from October to December this year.

Daw Myat Moe Win, Head of the Sagaing District Agriculture Department, said: “This year, we have planned to cultivate over 19,000 acres of winter sesame in Myaung Township during the winter crop season. Efforts will be made to achieve the full target acreage. Sesame cultivation has been increasing year by year, and farmers mainly grow sesame during the winter season rather than the monsoon. As an oil crop, sesame cultivation has been quite successful.”

This year, the Myaung Township Agriculture Department will provide technical guidance to sesame farmers to help them expand sesame cultivation, adopt proper and GAP (Good Agricultural Practices) cultivation methods, and use high-yield, quality, and pure seed varieties to ensure better productivity.

Crops cultivated under the GAP system are known to have better quality and fetch higher prices compared to those produced using conventional methods. They also offer the advantage of being marketable not only domestically but also internationally. Consequently, farmers who adopt GAP-based cultivation benefit from greater profitability and improved socio-economic livelihoods. 206

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း ၂၅၂၈ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၆၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့်ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံသာမကပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပလာတူးငါး ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပလာတူးငါးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ပလာတူးငါး ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ တစ်လအတွင်း ပလာတူးငါးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့နိုင်ကြောင်း၊ အဆိုပါ ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့လထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ အရင်လတွေကထက်ပလာတူးငါးတွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ဘက်ကနေ အခြားရေထွက်ကုန်တွေအပြင် ပလာတူးငါးတွေ တင်ပို့ရောင်းချနေပါတယ်။ ပလာတူးငါးတွေကို လပွတ္တာမြို့ကနေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခုလို အရောင်းအဝယ်တွေက ပုံမှန်ထက်ပိုမို အရောင်းသွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေပါတယ်'' ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါး ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပလာတူးငါးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုးကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့်ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၅၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၈၄ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၅၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲတီစိမ်း ကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

(၂၀၆)

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးရှဉ့်တွေ သိသိသာသာ တင်ပို့အား ကောင်းခဲ့ပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ကိုပဲ အဓိကတင်ပို့ပါတယ်။ ရန်ကုန်ကနေတစ်ဆင့် အခြားပြည်တွင်း ပြည်ပဈေးကွက်တွေဆီ ဆက်လက် ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို တင်ပို့ရောင်းချအားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။



အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဒေသများကို ဆက်လက် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အုတ်ဖိုမြို့နယ် အုတ်သျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**အုတ်ဖို နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အုတ်သျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက အုတ်သျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် ဝန်ထမ်းများက အုတ်သျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အုတ်သျှစ်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၅၇ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ်သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၈ သန်း ထုတ်ချေးပေးထားကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးထံမှ သိရသည်။

သုတ




# သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**သာစည် နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်မောက်ကျေးရွာအုပ်စု ကြက်မောက်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကြက်မောက်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ဖြင့် ဆောင်ရွက်သော နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းသည် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ဖြင့် နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေး လုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ကြက်မောက်ကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းနှင့် ဆိတ်မွေးမြူရေး ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင် ဦးရေ ၅၀ ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ်သန်း ၃၀ ကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင် အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ နှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မသိုးရွှေကြာသင်္ကန်း တော်ရက်လုပ်ပူဇော်ကြမည့် ရက်ကန်းအဖွဲ့ များတက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကား များပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့သည် အခမ်းအနားကျင်းပ မည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးစဉ်။

များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊တိုင်းရင်းသူများ၊သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ ဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များက လှိုက်လှဲ နွေးထွေးစွာကြိုဆိုကြသည်။

ယင်းနောက်အခမ်းအနားကို“နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က **“ဇယမင်္ဂလာစာတမ်းလွှာ”**ကိုဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ၂၀၂၅ ခုနှစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကိုတီးခတ်၍ အချက်ပေး ရာ ရက်ကန်းအဖွဲ့များ ရက်ကန်းစင်တော်များ ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင် ရက်လုပ်ကြသည်။ ထိုသို့ရက်ကန်းအဖွဲ့များ က ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာ ရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့ များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု









၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားတွင် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများလွှတ်တင်နေမှုကို တွေ့ရစဉ်။

အောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက "မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်" တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက်လွှတ်တင်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများလွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံတော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် တင်ဆက်လျက်ရှိပြီးစည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ



ပျဉ်းမနားမြို့မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး၊ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်း ဝန်ကြီးဌာန ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ရွှေရည်လင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသား စီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယ ဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မစိုးရိမ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတ အမှူးပြုသည့် ပင့်သံဃာတော်ဆရာတော် ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အခမ်းအနားကို "နမောတဿ" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ဧည့်ပရိသတ်အပေါင်းတို့သည် မစိုးရိမ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတ ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော် များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်း တိုက် ဆရာတော်ထံ ကထိန်လျာသင်္ကန်း နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံ ကျောင်းဖြစ်သော အောင်မင်္ဂလာကျောင်းတိုက် ဆရာတော် ထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်း များကိုလည်းကောင်း ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားတက်ရောက် လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့ က မစိုးရိမ်ကျောင်းတိုက်ဆရာတော် ထံမှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်း ရရှိသည်။

(၅၀၁)

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားများ ကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၃**

တိုင်းစစ်ဌာနချုပ်များ၏ စုပေါင်း မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားများကို တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်ကုန် တိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက် တိုင်းစစ်ဌာနချုပ်တို့၏ စုပေါင်းမဟာ ဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား များကို သတ်မှတ်နေရာအသီးသီး၌ပြုလုပ် ကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထား သူများနှင့် အလှူရှင်များ တက်ရောက်ကြ ပြီး ဆရာတော်အရှင်သူမြတ်များထံမှ ငါးပါး သီလခံယူဆောက်တည်၍ သံဃာတော် များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ် တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက် လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ အသီးသီးဆက်ကပ်လှူဒါန်း ကြသည်။

၎င်းနောက် တိုင်းမှူးများနှင့် တက် ရောက်လာကြသူများက သံဃာတော် များထံမှ ကထိန်အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော် များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း ကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ် များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ကထိန် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများပါဝင်သော ပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြရာ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်း သည့် ငွေကျပ် ၃၇၄ သိန်းကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာ ပင် ၂၇ ခုကိုလည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစု များနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၂၄၈ သိန်းကျော်တန်ဖိုးရှိ ကထိန် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများပါဝင်သော ပဒေသာပင် ကိုးခုကိုလည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစု များနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၃၈၁ သိန်းကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာ ပင် ၁၅ ခုကိုလည်းကောင်း၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ်သိန်း ၆၈၀ ကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်း များနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၂၇ ခုကို လည်းကောင်း သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများ သို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြ ကြောင်း သတင်းရရှိသည်။

(၅၀၁)



ဆရာတော်ထံ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ စုပေါင်းမဟာဘုံကထိန်အလှူတော် မင်္ဂလာ အခမ်းအနားပြုလုပ်စဉ်။



ဆရာတော်ထံ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားပြုလုပ်စဉ်။

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများ တွေ့ဆုံဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံလေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲရေး၊လေကြောင်းလိုင်းများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရေး၊ ရုရှားနိုင်ငံ၌ နှစ်စဉ်ကျင်းပသည့် ခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲများတွင် စဉ်ဆက်မပြတ်ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာပါအချက်များ အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ အစားအသောက်နှင့် အချက်အပြုတ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား ယဉ်ကျေးမှုနှင့်ပြန်ကြားရေးဌာန ထူထောင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံ အမျိုးသား စာကြည့်တိုက်များအကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေး၊ နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ အကောင်အထည် ဖော်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ပေးအပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဒေါ်နုမြဖံနှင့် ဦးဖြိုးဇော်စိုး၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကျင်းပ





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့် မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများသေနတ်ပစ်ပြိုင်ပွဲပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်သည့် မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ရှိ မီတာ ၆၀၀ အာဆီယံစက်ပစ်ကွင်း၌ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်ထိပြုလုပ်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်း ဗိုလ်လောင်းများ၊ ရုရှားနိုင်ငံ ရုရှားတပ်မတော်မှ သေနတ်ပစ်အသင်းအဖွဲ့ ခေါင်းဆောင် Lieutenant Colonel Andrey SEMENENKO၊ ဒုတိယစစ်သံမှူး Lieutenant Colonel Aleksei OLEINIKOV၊ နည်းပြအရာရှိများနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအလံကို စက်ပစ်ကွင်းအတွင်းသယ်ဆောင်ပြီး နှစ်နိုင်ငံအလံလွှင့်ထူကာ အလေးပြုကြသည်။ ထို့နောက် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်တရစုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မီတာ ၃၀၀ ဗိုလ်လောင်းရိုင်ဖယ်ပစ်ပြိုင်ပွဲ၊ ၂၅ မီတာ ဗိုလ်လောင်းပစ္စတိုပစ်ပြိုင်ပွဲစသည့် ပြိုင်ပွဲအမျိုးအစားအလိုက် သေနတ်ပစ်ပြိုင်ပွဲကို သုံးရက်ကြာကျင်းပခဲ့ပြီး ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်က အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်စေရန်၊နှစ်နိုင်ငံဗိုလ်လောင်းများ ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်နှင့် နှစ်နိုင်ငံ သေနတ်ပစ်အားကစားနည်းစနစ် ဖလှယ်ရန်အတွက်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲသို့ တက်ရောက်လာကြသော ရုရှားသေနတ်ပစ်အသင်းအဖွဲ့ ခေါင်းဆောင် Lieutenant Colenel Andrey SEMENENKO နှင့် နည်းပြအရာရှိများ၊ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် ဗထူးတပ်မြို့သို့ရောက်ရှိစဉ် အောင်မြေစကြာမင်္ဂလာဆုတောင်းပြည့်ဘုရား၊ ဗထူးစမ်း၊ ရပ်စောက်မြို့မဈေးနှင့် မြို့နေပြည်သူများ စုပေါင်း၍ ဘုံကထိန်အတွက် လှူဒါန်းထားသော ပဒေသာပင်များ လှည့်လည်နေမှုကို စိတ်ဝင်တစားသွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)




မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်စဉ်။

# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် နိုဝင်ဘာ ၃**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ် ကမ်းလွန်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၃**

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးကြည်လွင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးကြည်လွင် (အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်)**

**မင်္ဂလာပါခင်ဗျာ**

မြန်မာပြည်သူတိုင်းရင်းသားများအားလုံး အချင်းချင်းအပြန်အလှန်နားလည်မှုများနှင့်အတူ စစ်မှန်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဘဝများ မြင့်မားတိုးတက်နိုင်ခြင်းများနဲ့ ပြီးပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးကြည်လွင်ဖြစ်ပါတယ်။ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီကို ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှာ စတင်ထူထောင်ခဲ့ပြီး နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ်ကတော့ (၁၅)ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ကျွန်တော်တို့ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လိုအပ်ချက်အရ ပေါ်ထွန်းလာခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒေသတွင်းမှာနေထိုင်ကြတဲ့ ညီအစ်ကို တိုင်းရင်းသားများကြားမှာ အပြန်အလှန်နားလည်တတ်၊ လေးစားတတ်တဲ့စိတ်ဓာတ်တွေနဲ့တစ်ဦးချင်း၊ တစ်စုချင်းအလိုက် စိတ်ဓာတ်အရည်အသွေးစွမ်းရည်တွေမြင့်တက်လာစေဖို့ ဖြစ်ပါတယ်။ အဲဒီလို မြင့်တက်လာတဲ့စွမ်းရည်တွေ၊ အရည်အချင်းတွေနဲ့ မြန်မာတစ်နိုင်ငံလုံးက လိုလားဖော်ဆောင်ကြိုးစားနေတဲ့ နိုင်ငံတော်ဘက်စုံပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်မည့် လုပ်ငန်းစဉ်တစ်ရပ်လုံးမှာ ထဲထဲဝင်ဝင်ပါဝင်ပြီးတော့ ... အောင်မြင်အောင် ပေးဆပ်ဆောင်ရွက်သွားချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ကျွန်တော်တို့ ... အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဖွဲ့စည်းတည်ဆောက်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာ့နိုင်ငံရေးစင်မြင့်မှာ ကျွန်တော်တို့အင်းသားလူမျိုးများရဲ့ နိုင်ငံရေးအရ နေရာကလေးတစ်ခု ရရှိနိုင်ရေးပဲဖြစ်ပါတယ်။ သမိုင်းကြောင်းအရကြည့်ရင် ပြည်ထောင်စုတည်ဆောက်ရေးရဲ့ အဓိကအုတ်မြစ်ဖြစ်တဲ့ ပင်လုံစာချုပ်ဖြစ်မြောက်ရေးအတွက် ကျွန်တော်တို့ အင်းသားလူမျိုးခေါင်းဆောင်တွေရဲ့ ဦးဆောင်ပါဝင်မှုအခန်းကဏ္ဍဟာ ထင်ထင်ရှားရှားပဲဖြစ်ခဲ့ပါတယ်။ သို့သော် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ အင်းသားလူမျိုးစုကို ကိုယ်စားပြုတဲ့ပါတီက ကိုယ်စားလှယ်တွေ ရွေးချယ်တင်မြှောက်ခြင်း မခံရသည့်အတွက် ဒီကာလအတွင်းမှာကျင်းပတဲ့ ၂၁ ရာစု ပင်လုံညီလာခံ (၃)ကြိမ် ကျင်းပခဲ့သော်လည်း ကျွန်တော်တို့ အင်းသားလူမျိုးကိုယ်စားပြုတဲ့ပါတီအနေနဲ့ရော၊ အင်းသားလူမျိုးစုအနေနဲ့ရော တက်ရောက်ရန်ဖိတ်ကြားခြင်း မခံရတဲ့အတွက် ဒီအရေးကြီးတဲ့ ညီလာခံမှာ ကျွန်တော်တို့ အင်းသားလူမျိုးစုအနေနဲ့ ပါဝင်ဆွေးနွေးတင်ပြခွင့် ဆုံးရှုံးခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အင်းသားလူမျိုးစုတွေအနေနဲ့ ၂၀၂၅ ရွေးကောက်ပွဲအလွန်ကာလနိုင်ငံတော်အဆင့်ဆွေးနွေးပွဲတွေ၊ ညီလာခံတွေမှာ ပါဝင်နိုင်ရေးအတွက် ကျွန်တော်တို့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ်တွေကို ထောက်ခံရွေးချယ်ပေးဖို့ မလွဲမသွေလိုအပ်နေပါပြီ၊ လွှတ်တော်ကိုယ်စားလှယ်နေရာများ ရမှသာလျှင် ကျွန်တော်တို့အင်းသားလူမျိုးတို့ကလည်း အခြားလူမျိုးများနဲ့အတူ တန်းတူရည်တူအားဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုး၊ လူမျိုးအကျိုးများကို ပါဝင်ဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အတွက် အလေးအနက်ထားပြီး စဉ်းစားဆုံးဖြတ်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျာ။

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ရည်ရွယ်ချက်များကတော့...

- ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ အင်းသားတိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်တိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိရေး။

**စာမျက်နှာ ၂၁ သို့**

# အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၃**

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးထွန်းအောင် (ဥက္ကဋ္ဌ၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ)**

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား**

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း အာခါဘာသာစကားဖြင့် Nee Sar Ovg Luvq-ur ဟု မင်္ဂလာစကားဖြင့် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ဖြစ်ပါတယ်။ ကျွန်တော်တို့ အာခါတိုင်းရင်းသားများဟာ ရှမ်းပြည်နယ်အရှေ့ပိုင်း သံလွင်မြစ် အရှေ့ခြမ်းဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိသည့် လူမျိုးစုတစ်စုဖြစ်ပါတယ်။ မိမိတို့ အာခါတိုင်းရင်းသားများဟာ ဝတ်စားဆင်ယင်မှုရိုးရာဓလေ့ယဉ်ကျေးမှုအမွေအနှစ်များကို ယနေ့ထိတိုင် ထူးထူးခြားခြားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော မျိုးနွယ်စုတစ်မျိုးဖြစ်ပါတယ်။ မိမိတို့ အာခါတိုင်းရင်းသားလူမျိုးစု၏ အမျိုးသားရေးကိုဖော်ဆောင်သောအားဖြင့် ဒီဇင်ဘာလ ၂၈ ရက်နေ့ကျရောက်တိုင်း အာခါအမျိုးသားနေ့ကို ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွှေရတုသဘင် အာခါအမျိုးသားနေ့တိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းရွှေရတု အာခါအမျိုးသားနေ့ကို ယခု နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ သဝဏ်လွှာပေးပို့ချီးမြှင့်ပြီး အာခါအမျိုးသားများ၏ အမျိုးသားရေးဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုခဲ့ပါသည်။ မိမိလူမျိုးတို့၏အမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် မိမိတို့၏ရိုးရာယဉ်ကျေးမှုအစဉ်အလာများဖြစ်သည့် ခါးထောင်းဖားပွဲတော်၊ ဒန်းစီးပွဲတော်၊ ကြက်ဥနီပွဲတော် စသောရိုးရာဓလေ့ကိုအခြေခံသောပွဲတော်များ စဉ်ဆက်မပြတ်ဖော်ထုတ်ကျင်းပပေးခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ပါတီ၏ဆောင်ပုဒ်၊ ပါတီ၏အလံ၊ ပါတီ၏အမှတ်တံဆိပ်တို့ကို ရှင်းပြပေးလိုပါတယ်။

ပါတီ၏ဆောင်ပုဒ်မှာ မိမိတစ်ဦးချင်းစီ၌ရှိသော အရည်အချင်းများကို စုပေါင်း၍ မိမိတို့အမျိုးဂုဏ်ကိုမြှင့်တင်ကြစို့ဟူ၍ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မိမိလူမျိုး မိမိဒေသနှင့် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏အလံမှာ အလယ်ဗဟိုတွင် အနီရောင်ရှိပြီး ပတ်ပတ်လည်မှာ ဝါ၊ စိမ်း၊ ဖြူ၊ ပြာ ဝန်းရံနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် နေမင်းကြီး၏အောက်မှာ တန်းတူညီမျှအခွင့်အရေးရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏အမှတ်တံဆိပ်မှာ “ဒန်း” ပုံဖြစ်ပြီး အာခါရိုးရာဓလေ့မှ စည်းလုံးညီညွတ်ခြင်းသို့ဟူသော အဓိပ္ပာယ်ကိုဖော်ဆောင်ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံရေးပါတီများပေါ်တွင် များစွာမှီတင်းနေပါသည်ဟုသုံးသပ်ပါတယ်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများကသာလျှင် မိမိတို့နေထိုင်ရာဒေသအနှံ့အပြားရှိ အောက်ခြေလူထုအထိ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံနိုင်သည်ဖြစ်၍ လူထု၏လိုအပ်ချက် မြေပြင်အခြေအနေမှန်များကို ထိတွေ့သိရှိနိုင်မည်ဖြစ်ပါတယ်။

**စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

- အင်းသားတိုင်းရင်းသားများနှင့် ညီနောင်တိုင်းရင်းသားများအားလုံး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ လူမှုစီးပွားရေးဘဝများ စောင့်ရှောက်ထိန်းသိမ်းရန်နှင့် တိုးတက်မြင့်မားလာစေရန် ဦးဆောင်ဆောင်ရွက်နိုင်ရန်။
- အင်းလေးကန်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေး။
- ပြည်ထောင်စုတစ်ခုလုံး တစ်ပြေးညီ စည်းလုံးညီညွတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြားပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့် ပူးပေါင်းပါဝင်လှုပ်ရှားသွားနိုင်ရေးတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ .. အင်းသားများ တစုတဝေးတည်းနေထိုင်သည့် အင်းလေးကန်တစ်ဝိုက်ကိုအခြေတည်ပြီး အတူနေ ရှမ်း၊ ပအိုဝ်း၊ တောင်ရိုး၊ ဓနု၊ ကယန်း၊ ဗမာ စတာတွေအားလုံး စုပေါင်းပါဝင်မှာဖြစ်သည့်အတွက် အင်းအမျိုးသားအဖွဲ့ချုပ်လို့ အမည်မှည့်တာဖြစ်ပါတယ်။

အဲဒီလိုဖွဲ့စည်းထားတဲ့အတွက် ဒေသတစ်ခုလုံး နယ်ပယ်အားလုံး၊ လူမျိုးအားလုံးရဲ့အခက်အခဲလိုအပ်ချက် စတာတွေကို ပြည့်ပြည့်စုံစုံ အသေးစိတ်နားလည်သိရှိမှာဖြစ်ပြီးတော့ အားလုံးစုပေါင်းအဖြေရှာသည့်နည်းလမ်းကို အသုံးပြုဝေဖန်သုံးသပ်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ထိရောက်အောင်မြင်သည့် ဆောင်ရွက်ချက်တွေဖြစ်မယ်လို့ .. အလေးအနက်ယုံကြည်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့အင်းသားလူမျိုးဟာ လက်ရှိအခြေအနေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရင်းသားလူမျိုးများနဲ့ လူဦးရေ၊ နေရာအကျယ်အဝန်းများဟာ အတူတူလောက်ပဲဆိုပေမယ့် ကျွန်တော်တို့လူမျိုးကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရခဲ့သည့်အတွက် ဒေသခံများအတွက် ဘတ်ဂျက်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အားနည်းခဲ့ရသလို ကလေးများရဲ့ ပညာသင်ကြားရေးဆိုင်ရာမှာလည်း အခွင့်အရေးတွေဆုံးရှုံးခဲ့ရပါတယ်။ ဥပမာအားဖြင့် နယ်စွန်ဒေသ ပင်ကိုထူးချွန်မှုနဲ့ တက္ကသိုလ်ဝင်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သော်လည်း အမှတ်အနည်းငယ်လိုတာနဲ့.. အဆင့်မြင့်တက္ကသိုလ်ကို တက်ခွင့်မရတဲ့ ဆုံးရှုံးမှုတွေရှိပါတယ်။

ကျွန်တော်တို့ပါတီအနေဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျက်မှောက်နှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဆောင်ရွက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားများ တန်းတူညီမျှဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ ခံစားရရှိသင့်သည့် နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများကို နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲဖော်ဆောင်သွားဖို့ကို အလေးအနက်ရည်မှန်းထားရှိပါတယ်။

ဒေသတွင်းရှိ လူငယ်များဟာလည်း ခေတ်ပညာတတ်ဘွဲ့ရတွေ ပိုမိုများပြားလာသလို သူတို့ရဲ့အလုပ်အကိုင်အခွင့်အလမ်းတွေဟာလည်း ကြီးမားတဲ့စိန်ခေါ်မှုတွေဖြစ်နေပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ အလေးထားဆောင်ရွက်သွားချင်တဲ့အပြင် လူငယ်တွေကို သမိုင်းအစဉ်အလာနဲ့ လက်ရှိဘဝဖြစ်စဉ်တွေကို အပြန်အလှန်သုံးသပ်တွေးခေါ်စဉ်းစားပြီး အခက်အခဲတွေကို ကြံ့ကြံ့ခံ ဖြတ်ကျော် ကျော်လွှားနိုင်တဲ့ ဘဝပညာများကိုလည်း လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ချင်ပါတယ်။

အင်းသားတိုင်းရင်းသားများဟာ အင်းလေးကန်အတွင်းနဲ့ ဆက်စပ်နေရာများမှာနေထိုင်ကြပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အင်းလေးကန်ကြီးဟာ ရေခန်းခြောက်လာခြင်းနှင့်အတူ ယိုယွင်းပျက်စီးမှုတွေဟာ ပိုပြီးဆိုးဝါးလာနေပါတယ်။ အဲဒီဆိုးဝါးတဲ့အခြေအနေဟာ ဌာနေတိုင်းရင်းသားများရဲ့ လူမှုစီးပွားရေးကို အထူးထိခိုက်နစ်နာစေပါတယ်။ ၂၀၂၄ ခုနှစ်ရဲ့ ဆိုးရွားလှသောရေကြီးနစ်မြုပ်မှု၊ ၂၀၂၅ ရဲ့ ငလျင်ဘေးဒဏ်၊ ရေကြီးနစ်မြုပ်မှုဘေးဒဏ် စတာတွေဟာ ကျွန်တော်တို့ အင်းသားများရဲ့ အင်းလေးကန်နှင့်ဘဝများကို ပေါင်းစုကာကွယ်နိုင်ရေးအတွက် အရေးကြီးတဲ့ သဘာဝရဲ့အချက်ပေးသံတွေအဖြစ် မြင်နိုင်ပါတယ်။ အင်းလေးကန်ထိန်းသိမ်းရေးဟာလည်း ကျွန်တော်တို့ရဲ့တာဝန်ဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ပြည်သူများရဲ့လူမှုစီးပွားရေးမြှင့်တင်ရေးကို ဟန်ချက်ညီညီဖြစ်ထွန်းစေဖို့ ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးအားဖြင့် ကျွန်တော်တို့ အင်းလေးဒေသ အင်းလေးကန်ရဲ့ ထူးခြားတဲ့မြေပြင်အနေအထားအရ ကျေးရွာများ၊ နေအိမ်များ၊ ကျွန်းမျောစိုက်ခင်းများဟာ ရေပေါ်မှာတည်ရှိနေပြီး တစ်စုံတစ်ရာသော အာမခံချက်များမရှိခဲ့ပါဘူး။ အဲဒီအတွက် နိုင်ငံတော်မှဥပဒေနှင့်အညီ တရားဝင်အသိအမှတ်ပြုမှုနဲ့အတူ အာမခံချက်များရရှိနိုင်ရေးအတွက် ကျွန်တော်တို့ပါတီက ဦးဆောင်ညှိနှိုင်းကာ ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ယူနက်စကိုက လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve) အဖြစ် အသိအမှတ်ပြုပြီးဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံများရဲ့ အကျိုးစီးပွား ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေးဟာ အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း ယုံကြည်တဲ့အတွက်ဖြစ်ပါတယ်။

အဲဒီလို အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ဟန်ချက်ညီဖို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးများအပြင် လယ်ယာနှင့်အင်းလေးဒေသရဲ့ အထူးစိုက်ပျိုးသီးနှံဖြစ်တဲ့ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတွေကို လျော်ညီသောနည်းလမ်း၊ တွက်ခြေကိုက်သောစနစ်များကို ပြုပြင်ဖော်ဆောင်နိုင်ဖို့အတွက် ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဒေသခံများအနေဖြင့် တရားဥပဒေ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း၊ မိမိတို့ အင်းလေးကန်ကြီးအတွက် မိမိတို့၏စိတ်ဓာတ်၊ စည်းကမ်း၊ ခွန်အား အသိတရားတို့ကို မလွဲမသွေ အပြည့်အဝပေးဆပ်ဆောင်ရွက်သွားရမည်ဟု အလေးအနက်ယုံကြည်ပါတယ်။

ထို့ပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးယိုယွင်းမှုဒဏ်ကို အချိန်မီကုစားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ တာဝန်ရှိအဖွဲ့အစည်းအသီးသီး၊ ဌာနဆိုင်ရာအသီးသီး၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့၏ ဝိုင်းဝန်းကူညီမှုရရှိစေရေးနှင့် ရရှိသည့်အကူအညီများကို ဒေသဆိုင်ရာလူ့အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများက ထိရောက်စွာအသုံးပြုနိုင်ရေး မိမိတို့ပါတီဝင်များအားလုံးက ဦးဆောင်ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထိုကဲ့သို့ဆောင်ရွက်မှုများမှာ အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်ဆောင်ရွက်နိုင်လျှင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်နိုင်ရေးအတွက် လိုအပ်သော ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ တင်ပြညှိနှိုင်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့ပြင် အင်းလေးဒေသဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ခရီးသွားဒေသဖြစ်တဲ့အပြင် သဘာဝအခြေအနေအရ ကမ္ဘာကျော်ဒေသဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေအကောင်းဆုံးရဖို့နဲ့ ဒေသခံမိမိတို့တိုင်းရင်းသားများကလည်း ခရီးသွားလုပ်ငန်းကို အမှီပြုပြီး ဝင်ငွေတိုးတက်လာစေဖို့အတွက် အထူးအလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျာ.....**

ကျွန်တော်တို့အနေဖြင့် ခံစားမည့်သူ လူအများက အရည်အသွေးပြည့်ပြည့် စိတ်ဓာတ်မြင့်မြင့်မားမားနှင့် လူမျိုး၊ ဒေသ၊ ပြည်နယ်နှင့် နိုင်ငံတော်အကျိုးကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်မယ့်အစီအစဉ်နှင့် လုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယုံကြည်စွာအားပေးချီးမြှောက်ကြလိမ့်မည်ဟု လေးစားစွာယုံကြည်မိပါကြောင်း တင်ပြရင်း အဆုံးသတ်ပါရစေခင်ဗျာ.....။

ကရဝိက်ကူး လာဝေါက်နောင်း
အဝါအဝိင်းကော် အဲင်းဆားတိင်းမဲပေးကြနောင်း
အဝါအဝိင်းနောင်း အဝါအဝိင်း

**မြန်မာ**

ကရဝိက်ကြီး လာပါပြီ
အဝါရောင်အဝိုင်းကို အင်းသားတိုင်းမဲပေးကြနော်
အဝါအဝိုင်းနော် အဝါဝိုင်း

**အင်းဆားတို့ရဲ့ အောင်ပွဲဆီသို့**

(တူညီရမယ့် တို့ရဲ့ စိတ်ထားတွေ... ဝတ်ဆင်ရမယ့် ရိုးရာပင်နီတွေ.... အောင်မြင်ခြင်း ပန်းတိုင်အတွက် ရှေးရှုလို့ကိုယ်စီ ရာကျော် လူစီးတဲ့... လှေပြိုင်ပွဲတွေ...ရေပြင်လှိုင်းလုံးထက်မှာ လှေလွှမ်းခြုံထားတဲ့ ဘာသာတရားတွေ... ကပ်လှူကြမယ့်.... ကြာသက်န်းတွေ.. အစဉ်အလာတိုင်းရှိနေဆဲ ငြိမ်းချမ်းရာမြေ... ညီညာစိတ်ထားနဲ့... အရင်းခံရင်းလေ.. ဤမြေထက် ပန်းများဝေစေ) (ဒို့အင်းဆားများ... နဂါးမောက်လှေကိုစီး....လှေလှော်တဲ့ထုံး နှလုံးမူလို့....ကြင်နာတဲ့ စိတ်ထားနဲ့ ဖြူစင်စွာရိုးသားတဲ့....

အင်းဆားများ... နဂါးမောက်လှေကိုစီး...လှေလှော်တဲ့စိတ်ညွတ်ကိုင်းနိုင်စေ....ဖွဲ့မလျှော့တဲ့ အားမာန်ရယ် အလိုက်သင့်တဲ့ပညာရယ်.... ညီညာစွာ လှော်ခတ်ကြမယ်....အောင်ပွဲလှေ)

(ဝေးနေနီးနေ...ဒို့အင်းဆားများ..စုပေါင်းညီညာစို့လေ....လာခဲ့ကြဟေ့...စုလာကြဟေ့

နားလည်စွာ လက်တွဲလို့ ဖော်ဆောင်မယ်...အမျိုးသားရေး.... တူညီဆန္ဒပြုကြမယ်) (တူညီရမယ့် တို့ရဲ့စိတ်ထားတွေ....ဝတ်ဆင်ရမယ့် ရိုးရာပင်နီတွေ... အောင်မြင်ခြင်းပန်းတိုင်အတွက် ရှေးရှုလို့ကိုယ်စီ ရာကျော်လူစီးတဲ့... လှေပြိုင်ပွဲတွေ... ရေပြင်လှိုင်းလုံးထက်မှာလှေလွှမ်းခြုံထားတဲ့ ဘာသာတရားတွေ.... ကပ်လှူကြမယ့်... ကြာသင်္ကန်းတွေ.... အစဉ်အလာတိုင်းရှိနေဆဲ ငြိမ်းချမ်းရာမြေ....ညီညာစိတ်ထားနဲ့... အရင်းခံရင်းလေ.... ဤမြေထက် ပန်းများဝေစေ) (ဒို့အင်းဆားများ... နဂါးမောက်လှေကိုစီး.. လှေလှော်တဲ့ထုံး နှလုံးမူလို့.... ကြင်နာတဲ့ စိတ်ထားနဲ့ ဖြူစင်စွာရိုးသားတဲ့..... အင်းဆားများ....နဂါးမောက်လှေကိုစီး... လှေလှော်တဲ့စိတ်ညွတ်ကိုင်းနိုင်စေ... ဖွဲ့မလျှော့တဲ့ အားမာန်ရယ် အလိုက်သင့်တဲ့ပညာရယ်... ညီညာစွာ လှော်ခတ်ကြမယ်.... အောင်ပွဲလှေ)

(ဝေးနေနီးနေ...ဒို့အင်းဆားများစုပေါင်းညီညာစို့လေ...လာခဲ့ကြဟေ့... စုလာကြဟေ့ နားလည်စွာ လက်တွဲလို့ဖော်ဆောင်မယ်... အမျိုးသားရေး...တူညီ ဆန္ဒပြုကြမယ်)

(ဒို့အင်းဆားတို့ရဲ့............................အောင်ပွဲဆီသို့)၃

**စည်းလုံးချိန်တန်ပြီ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ**

တော့အမျိုးဆားကိုယ်စားပြုမယ် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ
လာပြီ လာပြီ အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့
တို့အင်းလေးကန်ကြီး မပျောက်ပျက်အောင် အင်းဆားတို့ရဲ့တာဝန်ပဲမို့
ရေရှည်တည်တံ့စေဖို့ ရေရှည်ခိုင်မာစေဖို့ (အင်းပါတီကို မဲပေးကြပါစို့ )
ဒီအင်းလေးက ... အလှအပတွေ ဒီအင်းလေးက သဘာဝတွေ
ရေရှည်ထိန်းထားတို့အင်းဆား

အင်းဆားအလုပ် တို့အလုပ် အင်းဆားအရေး တို့အရေး တည့်တည့်တွေးကာ...သွားဖို့ရာ သေသေချာချာ မဲပေးကြစို့ (အင်းပါတီကို မဲပေးကြစို့)

အင်းလေးဒေသ သဘာဝ အင်းရေပြင်လည်းတည်ဖို့ အင်းရေပြင်လည်း ဘေးကင်းဖို့ တို့အမျိုးတွေ ဝန်းရံကြလို့ (အင်းပါတီကို မဲပေးကြစို့...)

ကြည်ကြည်သာသာဖြစ်ဖို့ရာ သွားပါစားပါ လက်ရည်တစ်ပြင်တည်း ဖွဲ့စည်းလိုက်ပြီး အင်း ပါတီအများသူငါ မနိုမ်စားစေဖို့ အပြန်အလှန် ဆောင်ရွက်စေဖို့ (အင်းပါတီကို မဲပေးကြစို့) စိုက်ပျိုးရေးကို အခြေခံတာ တို့အင်းဆားတွေ ဝမ်းစာပဲမို့ ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့ (အင်းပါတီကို မဲပေးကြစို့)

တိုးတက်နေတဲ့ခေတ်ကြီးမှာ ပညာရေးက အဓိကပါပဲ တန်းတူအခွင့်အရေးရဖို့ရာ အင်းဝန်ကြီးမှာ အဓိက

အင်းဆားကိုယ်စားပြုမည့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ
လာပြီ လာပြီ အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့
တို့အင်းလေးကန်ကြီး မပျောက်ပျက်အောင် အင်းဆားတို့ရဲ့ တာဝန်ပဲမို့ ရေရှည်တည်တံ့စေဖို့ ရေရှည်ခိုင်မာစေဖို့ အင်းပါတီကို မဲပေးကြပါစို့

ဒီအင်းလေးက အလှအပတွေ ဒီအင်းလေးက သဘာဝတွေ ရေရှည်ထိန်းထားတို့အင်းဆား အင်းဆားအလုပ်တို့အလုပ် အင်းဆားအရေး တို့အရေး တည့်တည့်တွေးကာသွားဖို့ရာ သေသေချာချာ မဲပေးကြစို့ (အင်းပါတီကို မဲပေးကြစို့)

အင်းလေးဒေသ သဘာဝ အင်းရေပြင်လည်းတည်ဖို့ အင်းရေပြင်လည်း ဘေးကင်းဖို့ တို့အမျိုးတွေဝန်းရံကြလို့ အင်းပါတီကို မဲပေးကြစို့

ကြည်ကြည်သာသာဖြစ်ဖို့ရာ သွားပါစားပါ လက်ရည်တစ်ပြင်တည်း ဖွဲ့စည်းလိုက်ပြီး အင်းပါတီ အများသူငါ မနိုမ်စားစေဖို့ အပြန်အလှန် ဆောင်ရွက်စေဖို့ (အင်းပါတီကို မဲပေးကြစို့) စိုက်ပျိုးရေးကို အခြေခံတာ တို့အင်းဆားတွေ ဝမ်းစာပဲမို့ ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့ (အင်းပါတီကို မဲပေးကြစို့)၂

အင်းဆူအင်းဆား လူခဲများ ဦးဆောင်ပြုမည့် အင်းပါတီ၊ အမျိုးသားရေးလက်မနေးမြှင့်တင်ပေးမည် အင်းပါတီ၊ စည်းလုံးအင်အားရှေ့ကထားညီညွတ်စေမည် အင်းပါတီ၊ လိုတာဖြည့်ပေးကျန်းမာရေး ထောက်ကူပြုမည် အင်းပါတီ၊ တို့အင်းဆားတွေ ညီစေဖို့ အင်းပါတီကို မဲပေးစို့၊ စိတ်ဓာတ်အင်အားမြှင့်တင်ဖို့ အင်းပါတီကို မဲပေးစို့၊

(အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ)၃

**စာမျက်နှာ ၂၀ မှအဆက်**

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် မူဝါဒများချမှတ်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ မူဝါဒအချို့ကို တင်ပြရမည်ဆိုလျှင် အာခါအမျိုးသားရေး မိမိတို့ အာခါအမျိုးသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးစသည့် အခြေခံလိုအပ်ချက်များကို မိမိတို့ အာခါလူမျိုးများသာလျှင် ပိုမိုထိတွေ့သိရှိနိုင်ပြီး ပံ့ပိုးဆောင်ရွက်မှုအပိုင်းမှာလည်း အာခါလူမျိုးများကသာ ပိုမိုကျယ်ပြန့်ထိရောက်စွာ တာဝန်ယူဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါတယ်။ အာခါအမျိုးသားများ၏ ရိုးရာဓလေ့စာပေ၊ ယဉ်ကျေးမှုအနုပညာ စသည်များကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန်အတွက် အာခါလူမျိုးများသာလျှင် ဦးဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တိုင်းရင်းသားများအရေး** ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု (၁၃၅) မျိုး စုပေါင်းမှီတင်းနေထိုင်ပါတယ်။ တိုင်းရင်းသားများ၏ကဏ္ဍများတွင် လူမျိုးစုငယ်များ၏ တန်းတူညီမျှရေးအခွင့်အလမ်းများကိုလည်း တိုင်းရင်းသားများအချင်းချင်းကသာလျှင် ပိုမိုနားလည်ထိတွေ့ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရတပ်မတော် တိုင်းရင်းသားလူမျိုးစုအားလုံး ယုံကြည်မှု၊ နားလည်မှု အပြန်အလှန်တည်ဆောက်နိုင်မှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

လူမျိုးစုများ၏အမျိုးအမည် နေထိုင်ရာအရပ်ဒေသ ကွဲပြားခြားနားသကဲ့သို့ လူမျိုးစုတစ်မျိုးစီ မတူကွဲပြားသော နိုင်ငံရေးအယူဝါဒများကို သိရှိနားလည်အလေးထားမှသာလျှင် ၎င်းလူမျိုးစုအသီးသီး၏ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**ပြည်ထောင်စုအရေး** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားရပါမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တိုင်းရင်းသားလူမျိုးစုရေးရာကိုယ်စားလှယ်များသည် တိုင်းရင်းသားလူမျိုးစုများ၏လိုအပ်ချက်များကိုဖော်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ဥပဒေပြုနိုင်သည့် ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ရေး အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှရည်မှန်းပါတယ်။ သို့မှသာ ပါတီစုံဒီမိုကရေစီ၏ အနှက်အဓိပ္ပာယ်ကို ပြည့်ဝစေမှာဖြစ်ပါတယ်။

ပါတီစုံပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရတပ်မတော်နှင့် နိုင်ငံရေးပါတီများ အပြန်အလှန်ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှု မူဝါဒကို အခြေခံမှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တပ်မတော်၏အခန်းကဏ္ဍ** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်ရန် တိုင်းရင်းသားများ ငြိမ်းချမ်းရေးရယူပြီး ထာဝရငြိမ်းချမ်းရေးအစဉ်တည်တံ့ခိုင်ရန်အတွက်လည်းကောင်း၊ ပြည်ပရန်ကို ကာကွယ်ရန်အတွက်လည်းကောင်း၊ နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက်လည်းကောင်း ခေတ်မီတပ်မတော်တည်ဆောက်ရမည်ဟု ယုံကြည်ပါတယ်။

ယနေ့လတ်တလောဖြစ်ပေါ်နေသော ပြည်တွင်းအခက်အခဲများကို တပ်မတော်က အဓိကနေရာမှ တာဝန်ယူဆောင်ရွက်နေမှုအပေါ် တပ်မတော်အား တတ်စွမ်းသမျှကူညီဆောင်ရွက်မှုများပြုလုပ်ပြီး အချိန်တိုအတွင်း အေးချမ်းမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ တက်လှမ်းနိုင်မည်ဟုယုံကြည်ပါသည်။ လက်ရှိနိုင်ငံတော်၏အခြေအနေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိနိုင်ရန် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ တပ်မတော်သည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ရမည်ဟုယုံကြည်ပါတယ်။

**လုပ်ငန်းစဉ်** အာခါတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား ညီနောင်သားချင်း တိုင်းရင်းသားလူမျိုးစုများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူလက်တွဲပြီး လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန် ဦးတည်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသော အခြေခံစစ်တမ်းကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် နည်းဗျူဟာများရေးဆွဲခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းများကို စနစ်တကျ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ပါမည်ဟု ချမှတ်ထားသကဲ့သို့ ပါတီစတင်ဖွဲ့စည်းစဉ်ကတည်းက ယနေ့ချိန်အထိ အာခါတိုင်းရင်းသားများ၏ နိုင်ငံရေးကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို မပြတ်မလပ် ဖော်ဆောင်လျက်ရှိပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများ**နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင်များခင်ဗျား အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် (၂၀၂၅ ခုနှစ်) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အာခါတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်နှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်ကိုယ်စားလှယ်လောင်း(၁၅)ဦး ပါဝင်အရွေးကောက်ခံသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို တစ်ထောင့်တစ်နေရာမှ ဖော်ဆောင်မည်ဖြစ်သော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား အာခါတိုင်းရင်းသားများနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင် မဲဆန္ဒရှင်များ "ဒန်း"ပုံကို ထောက်ခံမဲပေးကြပါစို့လို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ Nee Sar Ovq Luvq-ur / ငြိမ်းချမ်းကြပါစေ။

**ခေမာရဋ္ဌနေမှ အာခါတိုင်းရင်းသား နှစ်သစ်ကူး "ရွှေရတု" သဘင်ပွဲတော်**

တေးရေး - လီဂါ၊ ထက်အောင်၊ တေးရေး - အောင်လွင်ငြိမ်း
အားဒို၊ အားဖြ၊ ဘူးညဘ၊ ဘူးဘာ့

ဒီဇင်ဘာမြူနှင်းတွေကျ.. ချယ်ရီပန်းဖူးပွင့်စ
နံနက်ခင်းမိုးသောက်မှာ..မြူးကြွတဲ့ ဖုံမောင်းတီးသံ
V1– အားမာန်တွေနဲ့ ရှမ်းအရှေ့ ခေမာရဋ္ဌမြေက
အာခါသွေးချင်းတို့ စုပေါင်းနှစ်သစ်ကူးတဲ့ပွဲ
ရွှေရတု သဘင်ပွဲတော်အမျိုးသားနေ့ ရက်မြတ်ချိန်ခါ...
V2 သမိုင်းအစဉ်အလာ ဘိုးဘွားအမွေပါ
အာခါယဉ်ကျေးမှုဓလေ့ ရိုးရာ..
ညီညွတ်မှုနဲ့ တို့တစ်တွေ အမြတ်တနိုး ထိန်းသိမ်းလို့နေ
အသီးတစ်ရာအညှာတစ်ခု ၁၉၇၅–အစပြု
နှစ် ၅၀ – သို့တိုင်လာ မော်ကွန်းသစ်တင် ဟိုး
ရွှေရတုသဘင်ပွဲတော်
Cho...
– လာပါ လာပါ ဟေ့ မိတ်ဆွေတို့ရာ
ချယ်ရီမြေမှ ဖိတ်ခေါ်လျက်ပါ..
ရွှေရတုသဘင်– နှစ်သစ်ကူးပွဲကို အရောက်လာခဲ့ပါ
– လာပါ လာပါ ဟေ့ အမျိုးဆွေတို့ရာ အာခါရိုးရာစုံ
အောင်မြင်တွေ့ရမှာ... ရိုးသားတဲ့တောင်ပေါ်သူတို့
အလှ ချစ်စရာ..
– ရောင်စုံမီးများနဲ့ မြူနှင်းကြားက ဆောင်ညမှာ..
အတူကရင်းနဲ့ပျော်ကြစို့..ရင်ထဲ
အမြဲသတိရနေမှာပါ...
[အိမ်အပြန် အမှတ်တရ လက်ဆောင်ဝယ်ရင်း..]
(အာခါလို နှုတ်ဆက်ကြမယ် "နီဆားအိုလူ" ချမ်းမြေ့ပါစေ)

**"နှစ် (၅၀)ရွှေရတုသဘင် "**

တေးရေး – ဆရာအားချေး တေးဆို – လီဂါ၊ ထက်အောင်၊
အားဒို၊ အားဖြ၊ ဘူးညဘ၊ ဘူးဘာ့

V1: ကောင်းကင်မြေကြီး ဖန်ဆင်းရာဝယ်
ကောက်ပဲသီးနှံ ဖန်ဆင်းလို့ကွယ်
အမျိုးဘာသာ ထွန်းကားစေရေး
ရိုးရာဓလေ့ ထိန်းသိမ်းစို့လေ
V2: စည်းလုံးခြင်းဖြင့် နှစ်သစ်ကူးရင်း
အာခါအမျိုးသားနေ့ အစပြုတယ်လေ
ဘိုးဘွားတို့အား အစဉ်အောက်မေ့ကြ
ဦးဆောင်သူတို့အား လေးစားကြ
CHO: နှစ်ပေါင်းငါးဆယ်ပြည့်မြောက်လေပြီ
ရွှေရတုသဘင်ပြည့်လေပြီ
အာခါအမျိုးသားနေ့အား ဂုဏ်ပြုကြ
အာခါအလံအား အလေးပြုကြ
ကောင်းကင် မြေကြီးတည်နေသရွေ့
နေနှင့် လမင်း တည်ရှိနေသရွေ့
အာခါအမျိုးသားနေ့ကို အောက်မေ့ကြ
အာခါအမျိုးသားနေ့ကို နှလုံးသွင်းကြ
V3: အာခါအမျိုးသား စည်းလုံးမယ်လေ
အာခါအမျိုးသားညီညွတ်မယ်လေအမျိုးသားအရေးဝန်ဆောင်မယ်လေ
အမျိုးသားတာဝန်ထမ်းဆောင်စို့လေ
V2:

**"ဆန္ဒမဲပေးကြစို့ "**

တေးရေး – ယာထွန်း(ခ)ယားဝန်း၊ တေးဆို – ယာထွန်း(ခ) ယားဝန်း ဘူးဘာ့

V1: အာခါအမျိုးသားတို့ မဲသွားပေးကြစို့
အာခါအမျိုးသားတို့ ဒန်းပုံ ဒန်းပုံကို မမေ့နဲ့နော်
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နှယ်ရှိလည်း တစ်အူထုံ့ဆင်းပါ
CHO: လူကြီးလူငယ်သွေးစည်း လက်တွဲလို့ရှေ့သို့ချီ
ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နှလုံးသွင်းလို့
အာခါအမျိုးသားတို့ အောင်ပွဲဆင်ရမည်
V2: အာခါအမျိုးသားတို့ သွေးစည်းကြပါစို့
နယ်ခြားမြေခြားနေထိုင်ရသော်လည်း အာခါသွေးချင်းတွေပါ
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နှယ်ရှိလည်း တစ်အူထုံ့ဆင်းပါ
အမျိုးသားတာဝန် ထမ်းဆောင်ကြစို့လေ......

---


**❖ နေရာကွက်၍ မိုးကြီးနိုင်မှု**

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၃-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၆-၁၁-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# မဲဆန္ဒရှင်များက ဘောလ်ပင်ဖြင့် အမှန်(✔) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများ ထုတ်ပြန်ကြေညာခြင်း


၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ နှင့် ပုဒ်မ ၄၇ အရ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့် သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ ဘောလ်ပင်ဖြင့် အမှန်(✔) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှန်(✔) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ











မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။









မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။











မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။







မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။






မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှအဆက်


## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ




မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။








မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။

# မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာန၌ အောက်တိုဘာ ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့သည်။



အဆိုပါ နားလည်မှုစာချွန်လွှာကို အီဂျစ် လယ်ယာစိုက်ပျိုးရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုစတာဖာအယ်လ်ဆာယက်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က အီဂျစ်စိုက်ပျိုးရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေး ဝန်ကြီး မစ္စတာအလာဖာရှော့နှင့် အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင်ရှိန်တို့ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းသည် မြန်မာ-အီဂျစ် ဆက်ဆံရေးအတွက် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး ၁၉၉၄ ခုနှစ်တွင် မြန်မာနှင့် အီဂျစ်တို့ ပထမဆုံးလက်မှတ်ရေးထိုးခဲ့သော စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ(MoU)၏ ဒုတိယမြောက်လက်မှတ်ရေးထိုးမှု ဖြစ်သည်။

နားလည်မှုစာချွန်လွှာတွင် စိုက်ပျိုးရေး နည်းပညာဖလှယ်ရေး၊ စွမ်းရည်မြှင့်တင်ရေး၊ သုတေသနပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကဲ့သို့ နယ်ပယ်များ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လယ်ယာထွက်ကုန်များ ကုန်သွယ်မှုမြှင့်တင်ကာ နှစ်နိုင်ငံအကြား ရေရှည် လက်တွဲဆောင်ရွက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အီဂျစ်နိုင်ငံက မြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့် စိုက်ပျိုးရေးသွင်းအားစုများ တင်ပို့ရန်နှင့် မြန်မာနိုင်ငံက အီဂျစ်သို့ ပဲမျိုးစုံ၊ ဆန်နှင့် ပင်လယ်စာအပါအဝင် အခြားထုတ်ကုန်များ တင်ပို့ရန်ဆွေးနွေးမှုများလည်း ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံစိုက်ပျိုးရေးဦးစီးဌာနနှင့် အီဂျစ်နိုင်ငံ စိုက်ပျိုးရေးဗဟိုသုတေသနဌာနတို့ ပူးပေါင်း၍ ချည်မျှင်အလွန်ရှည်ဝါ၊ အာလူးအပါအဝင် အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သင်တန်းသားများစေလွှတ်ရေး၊ စိုက်ပျိုးရေးပညာရှင်များ အပြန်အလှန်စေလွှတ်ရေးနှင့် EICA သင်တန်းများ တက်ရောက်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ၃၆ ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းဖွင့်ပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ၃၆ ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာမုနိရုပ်ရှင်တော်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်စတင်ခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေမိုးငွေမိုးများ ရွာသွန်းပေးပြီး မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့်ရက်လုပ် လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့ကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်းနှင့် အဆိုပါ မသိုးမြတ်သင်္ကန်းတော်အား ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် ကြက်ပျံမကျစည်ကား





**နေပြည်တော် နိုဝင်ဘာ ၃**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ စိတ်အပန်းဖြေစေရေးနှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသောက်နိုင်ရန်ရည်ရွယ်၍ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို အများပြည်သူရှုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် ဒုတိယနေ့အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မြောက်ဘက် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ဘုရားဖူးပြည်သူများ ဒေသထွက်လက်ဆောင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လေ့လာဝယ်ယူနိုင်ရန်နှင့် အစားအသောက်အဆင်ပြေစေရန်အတွက် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၊ One Region One Product (OROP) ထုတ်ကုန်ပစ္စည်းပြခန်းများ၊ EV ကားနှင့် မော်တော်ဆိုင်ကယ် အရောင်းပြခန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ အိမ်တွင်းလက်မှု အနုပညာအရောင်းပြခန်း၊ ရိုးရာအဝတ်အထည်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများနှင့် မြန်မာ့ရိုးရာအစားအစာ အရောင်းဆိုင်များစသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၈ ခန်းဖွင့်လှစ်၍ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ လေ့လာကြည့်ရှုဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ စိတ်ဝင်တစားလာရောက်ဝယ်ယူကြသည့် ပြည်သူများကို သက်ဆိုင်ရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ဒေသထွက် အစားအသောက်များ၊ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများနှင့် MSME ထုတ်ကုန်များ အကြောင်းကို စိတ်အားထက်သန်စွာ ရှင်းလင်းပြသပေးကြသည်ကိုလည်း တွေ့ရသည်။

ယနေ့ဈေးရောင်းပွဲတော်တွင် ပျဉ်းမနားမြို့ ဒေသထွက်ကုန်များ အရောင်းပြခန်း၊ ကောင်းရွှေစည် မြန်မာ့တွင်းထွက်စစ်စစ်ကျောက်မျက်အရိုင်း၊အချောနှင့် လက်ဝတ်ရတနာရောင်းဝယ်ရေးဆိုင်၊ NYI NYI ရခိုင်မုန့်တီနှင့် စားဖွယ်စုံအရောင်းဆိုင်၊ ဗမာမိတ် အင်းလေးချည်နှင့် ရိုးရာဝတ်စုံအရောင်းဆိုင်၊ မောခမ်းနွံ စားဖွယ်စုံအရောင်းဆိုင်၊ San Thiri မိသားစု အအေးမျိုးစုံနှင့် စားဖွယ်စုံအရောင်းဆိုင်နှင့် ဈေးသည်ကြီး မြန်မာ့မုန့်မျိုးစုံအရောင်းဆိုင်တို့တွင် တန်ဆောင်တိုင်ပွဲတော် ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများက လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များကို စိတ်ကြိုက်ဝယ်ယူကြရာ ပစ္စည်းများပြတ်လပ်သည်ထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ယနေ့ဒုတိယည ဖျော်ဖြေတင်ဆက်မှုတွင် ဇာတ်မင်းသားဖိုးချစ် ဇာတ်ပွဲသဘင်က ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ၏ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်မှုများနှင့် တွဲဖက်၍ သဘင်ပညာရှင်များ၏ ဇာတ်စာ၊ ဇာတ်ဝင်သီချင်း၊ ဇာတ်ဝင်အပြောအဆို၊ ကကြိုး၊ ကကွက်များ၊ ချစ်ကြည်စည်းလုံးညီညွတ်မှုကို အဓိကထား၍ လက်၊ ခြေ၊ ခေါင်း၊ ခါးအတိမ်းအစောင်း ညီညွတ်မှုဖြင့် ကရသည့် ယိမ်းအက၊ မြို့ရွှေမန်းသားဖိုးချစ်အကအဖွဲ့က “ဗိုလ်အောင်ဒင်” ဟာသကပွဲ၊ အဆို၊ အငို၊ အပြောများဖြင့် ဇာတ်၏ အနှစ်သာရကို ရုပ်လုံးပေါ်အောင် တင်ဆက်ရသည့် “နှစ်ပါးစုံမှရွာသည့်မိုး” အော်ပရာနှင့် “တစ်လောကလုံးမှ တစ်ယောက်ထဲချစ်မယ်” ပြဇာတ်၊ ပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုးအစီအစဉ်၊ ဇာတ်မင်းသားဖိုးချစ်၏ အဆို၊ အပြော၊ အကပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို ဂုဏ်ယူအားရဖွယ်တင်ဆက်မည့် “အကခုနစ်ဖြာ အနုပညာ” နှစ်ပါးသွားအစီအစဉ်၊ လူရွှင်တော်များက စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပြက်လုံးများနှင့် ဟာသတစ်ခန်းရပ်များကို ဌာန်ကရိုဏ်းကျကျ၊ စည်းဝါးကျကျ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို အနုသုခုမသဘင်အားချစ်မြတ်နိုး၍ စိတ်ဝင်တစားလာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်လာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တန်ဆောင်တိုင်ပွဲတော်ကို ပါဝင်ဆင်နွှဲ၍ စိတ်အပန်းဖြေစေရန် ခေတ်ပေါ်တေးဂီတ (စတိတ်ရှိုး) အခမဲ့ဖျော်ဖြေရေး အစီအစဉ်အဖြစ် နိုင်ငံကျော် တေးသံရှင်များဖြစ်သည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဝနု၊ J Fire၊ ဖော်ဝေး၊ ဂျိုးလေး၊ ကော်နီ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်၊ နန်းဆုရတီစိုးနှင့် တေးသံရှင်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် အလှည့်ကျ ဖျော်ဖြေသီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ ဘုရားဖူးလာ ကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားဝိုင်းနှင့် ချားဝိုင်း၊ ကလေးစီးလှုပ်စိနှင့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့်ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ်ပုံရိပ်များကိုလည်း တွေ့မြင်ရပြီး ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

အဆိုပါ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို နိုဝင်ဘာ ၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

**ဟိန်းမင်းကျော်**

# ၁၀၅ နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်ပြီးစီးခဲ့သည့် နန်းကွေ့ကွန်ကရစ်တံတားသစ်ဖွင့်ပွဲ ကျင်းပ





**မြစ်ကြီးနား နိုဝင်ဘာ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအတွင်း ၁၀၅ နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နန်းကွေ့ချောင်းပေါ်၌ တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး နန်းကွေ့ကျေးရွာနှင့် မော်ဖောင်းကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည် ၃၂၄ ပေရှိ နန်းကွေ့ကွန်ကရစ်တံတားသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နန်းကွေ့ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် လော်ဝေါ်၊ လာချိဒ်၊ လီဆူနှင့် ရဝမ်တိုင်းရင်းသားများ တက်ရောက်ကြကာ လော်ဝေါ်ရိုးရာအကအလှများ၊ တံတားသစ်ဖွင့်ပွဲဂုဏ်ပြုတေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တံတားသစ်ဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ဖွင့်လှစ်သည့် တံတားသစ်သည် မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ ဥယျာဉ်ခြံမြေများနှင့် လယ်မြေ ၆၂၃ ဧကသို့ သွားရောက်နိုင်မည့်အပြင် ပမ္မတီး-ပြည်ထောင်စုလမ်းနှင့်လည်း ချိတ်ဆက်ပြီး သွားလာနိုင်မည်ဖြစ်သည့်အတွက် လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တံတားသစ်ဖွင့်ပွဲအတွက် သိက္ခာတော်ရဆရာ ဦးဂမ်အောင်က ကျေးဇူးတင်စကားပြောကြားပြီး ဒေသခံ ရပ်မိရပ်ဖများက တံတားသစ်ရရှိသည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူတို့ထံ ရိုးရာမင်္ဂလာရှလစ် (သစ်သီးပလိုင်း)ကို လက်ဆောင်အဖြစ်ပေးအပ်ကြသည်။

ယင်းနောက်တံတားသစ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တံတားပေါ်က ဖြတ်သန်းကြည့်ရှုကြကာ တိုင်းရင်းသားများ၏ ရိုးရာတေးသီချင်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နန်းကွေ့ကျေးရွာအတွင်း တည်ဆောက်ရေး လုပ်ငန်းများအတွက် အုတ်ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် YYY (ဝိုင်သုံးလုံး) အဆင့်မြင့် အုတ်ရောင်းဝယ်ရေး လုပ်ငန်းစက်ရုံသို့ သွားရောက်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ရှိတပ်မတော်ဆေးရုံ၌ပြည်ထဲရေးဝန်ကြီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်ကြပြီး သွေးလှူဒါန်းနေကြသည့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးကာ ခွန်အားဖြည့် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ ဗဟိုအကြံပေးဖွဲ့ဝင်က တပ်မတော်ဆေးရုံအတွက် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပြီး သွေးအလှူရှင်များအား ဆေးတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



☆ **ကျောဖုံးမှအဆက်**

ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ များပြားလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊ အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကြပြီး ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီးသို့ ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ရဟန်းသံဃာတော်များ၊ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် တာဝန်ရှိသူများ က ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးကြသည်။

ထိုသို့ဘုရားဖူးလာကြသူများအနက်မှ သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေးလွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များ၊ ဝှီးချဲလ်များဖြင့် စနစ်တကျပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကျင်းပမည့်နေရာများ၊ မသိုးသင်္ကန်းရက်လုပ်မည့်နေရာ၊ ဈေးပွဲတော်နေရာများနှင့် ဖျော်ဖြေရေးအစီအစဉ်နေရာများကိုလည်း အလွယ်တကူသွားရောက်နိုင်ရေးအတွက် တာဝန်ရှိသူများက လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မေတ္တာပို့သခြင်းတို့တွင် ကုသိုလ်ယူ ပါဝင်ဆင်နွှဲကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွမ်းလျက်ရှိသည်။

တတိယအကြိမ်မြောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်က “တော်ဝင်ရွှေပြည်”၊ ကချင်ပြည်နယ်က “မနောမြေ”၊ ကယားပြည်နယ်က“ကန္တရဝတီ”၊ ကရင်ပြည်နယ်က “ ဖွဲ့ကပင်”၊ ချင်းပြည်နယ်က “တောင်ဇလပ်”၊ စစ်ကိုင်းတိုင်းဒေသကြီးက “ရွှေဇေယျာ”၊ တနင်္သာရီတိုင်းဒေသကြီးက “ ရွှေဝယ်သီရ”၊ ပဲခူးတိုင်းဒေသကြီးက “ရှင်စောပု”၊ မကွေးတိုင်းဒေသကြီးက “တော်ဝင်ရတနာ”၊ မန္တလေးတိုင်းဒေသကြီးက “အမရရွှေပြည်”၊ မွန်ပြည်နယ်က “ရာမည”၊ ရခိုင်ပြည်နယ်က“ လေးရပ်ဝတီ”၊ ရန်ကုန်တိုင်းဒေသကြီးက “တော်ဝင်ဒဂုံ”၊ ရှမ်းပြည်နယ်က “သုဇာတာ”နှင့် ဧရာဝတီတိုင်းဒေသကြီးက “ရွှေပြည်ရော” စသည့် ရက်ကန်းစင် ၁၅ စင်ဖြင့် သတ်မှတ်နေရာအသီးသီးတွင် မြိုင်မြိုင်ဆိုင်ဆိုင် စတင်ယှဉ်ပြိုင်နေကြသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲမစတင်မီနှင့် စတင်ချိန်တွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဖော်ဝေး၊ ဖိုးသောကြာ၊ J Fire၊ ဆုထက်လှိုင်၊ ရဲထိုက်တို့က တေးသီချင်းများဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ မြဝတီရုပ်မြင်သံကြား၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး၊ ရန်ကုန်)တို့မှ ဝန်ထမ်းများနှင့် အနုပညာရှင်များက တန်ဆောင်တိုင်ပွဲတော်ကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် တွဲဖက်၍ ယိမ်းအကအလှများဖြင့် လည်းကောင်း၊ သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးလာပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

အလားတူ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံ လွှတ်တင်ပူဇော်မည့်နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ စတင်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံများလွှတ်တင်ရန် ပြင်ဆင်ဆောင်ရွက်နေချိန်နှင့် လွှတ်တင်ပူဇော်ချိန်တွင် သက်ဆိုင်ရာပြိုင်ပွဲဝင်အသင်းမှ တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများ၊ ယိမ်းအကအလှများနှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ကြည်နူးပျော်ရွှင်စွာ သီဆိုကပြဖျော်ဖြေကြရာ ဘုရားဖူးလာပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက “ရင်းနှီး၊ မြှုပ်နှံပြည့်အားမာန်”၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက “ဒီပပူဇာ”၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက “ခရီးသွားရောင်စဉ်”၊ နိုင်ငံခြားရေးဝန်ကြီးဌာနက “သားကောင်းတမန် ပြည့်အားမာန်”၊ ကျန်းမာရေးဝန်ကြီးဌာနက “အာရောဂျံ”၊ ပညာရေးဝန်ကြီးဌာနက “သုခမိန်”နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက “ပြည့်ဂုဏ်ဆောင်” စသည့် မီးပုံးပျံအမည်တို့ဖြင့် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြသည်။

အလားတူ ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက“သာယာရွှေပြည်”၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက “ပြည်လုံးချမ်းသာ”၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက “တိုးတက်မောင်”၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက “ဖွံ့ဖြိုးကုန်သွယ် နိုင်ငံကြွယ်”၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက “ပန်းခင်းဝေဖြာပြည်သာယာ”နှင့် စက်မှုဝန်ကြီးဌာနက “စက်မှုအားမာန်”စသည့် မီးပုံးပျံအမည်များဖြင့် အောင်မြင်စွာလွှတ်တင်နိုင်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ခဲ့ကြသည်။

ပြိုင်ပွဲအသင်းများက ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် အလှညမီးကြီးများ၊ စိန်နားပန် မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ချိန်တွင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မိုးယံထက်၌ ရောင်စုံအလှ မီးရှူးမီးပန်းများ ယှက်ဖြာလင်းလက်ပြီး ရောင်စုံလွှမ်း၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောင်စုံမီးအလင်းတန်းများဖြင့် ညွှတ်တွားပူဇော်နေကြသည့်မြင်ကွင်းမှာ နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး ဘုရားဖူးလာပြည်သူများ၏ စိတ်တွင်လည်း ကြည်နူးပီတိဖြစ်စွာ တွေ့မြင်ခံစားရသည်။

ထို့အတူ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများ၊ ကျောက်စာရုံစေတီ၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများတွင် မိသားစုလိုက်၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက် ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို နိုဝင်ဘာ ၄ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်သည့်အပြင် နံနက်ပိုင်းတွင်လည်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းကို တတိယအကြိမ်မြောက်အဖြစ် ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း၊ မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ တန်ဆောင်တိုင်လပြည့်ည၏ ရသကို အပြည့်အဝခံစားရင်း ကုသိုလ်ယူပါဝင်နိုင်ကြောင်း သတင်းရရှိသည်။ **ဟိန်းမင်းကျော်**



**၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA အဖွဲ့ဝင် အမျိုးသား နှစ်ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KIA အဖွဲ့ဝင် အမျိုးသား နှစ်ဦးတို့သည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် KIA အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၍ ဖိနှိပ်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲခွာနေထိုင်ရပြီး အသေခံရမည့်နေရာများတွင်သာ လုပ်ဆောင်စေခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် KIAအဖွဲ့ဝင် နှစ်ဦးတို့ကို တာဝန်ရှိသူများကကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မိုးကောင်းမြို့ မိုးကောင်းတပ်နယ်ခန်းမ၌ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိုးကောင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိုးကောင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် KIA အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

ဦးစွာ မိုးကောင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် KA-25 တစ်လက်၊ MA-4 တစ်လက်၊ KA-25 ကျည်အိမ် လေးခု၊ အမ်အေကျည်အိမ် သုံးခု၊ KA-25 ကျည်အတောင့် ၁၁၀၊ အမ်အေကျည် ၅၉ တောင့်နှင့် ၄၀ မမဗုံးသီး ရှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် KIAအဖွဲ့ဝင် နှစ်ဦးကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မြ၀၁)

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ အမှုရေးဖွင့်စုံစမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ထော်ကန္တတ်ကျေးရွာရှိ မြို့ဝင်စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ဝါးခယ်မမြို့နယ် အောင်လှိုင်ကြီးကျေးရွာနေ မျိုးမင်းဆွေ(ခ) မင်းမင်း ၄၇ နှစ်အား စစ်ဆေးရာ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် မောင်ကံ(ခ)ဖိုးကံထံသို့ Messenger မှတစ်ဆင့်ဆက်သွယ်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအား နှောင့်ယှက်ဖျက်ဆီးရမည်ဟု ရေးသားပေးပို့ထားသည်ကို တွေ့ရှိရသဖြင့် ဝါးခယ်မမြို့မရဲစခန်းက(ပ) ၉၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းဘေးတွင် စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီမှ ဘားအံမြို့နယ် မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစော မြင့်ဦး၏ ဓာတ်ပုံနှင့်စာသားပါ ဗီနိုင်းဆိုင်းဘုတ်အား ဆုတ်ဖြဲခဲ့သူ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်နေသူများဖြစ်ကြသည့် ထွန်းထွန်းဝင်း ၃၁ နှစ်နှင့် ဖြိုးမင်းသန့် ၁၅ နှစ်တို့ကို ဘားအံမြို့မရဲစခန်းက(ပ) ၁၂၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်သည့်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရခိုင်ချောင်(မြောက်)ကျေးရွာနေ ဦးသိန်းဆွေဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် နှစ်ဦးတို့သည် မဲပေးခွင့်ရှိသူများ မကျန်ရှိစေရေးစိစစ်ပြုစုရန် ရခိုင်ချောင်(မြောက်)ကျေးရွာရပ်ကျေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့ကို တွေ့ဆုံရန် YGN-9 2M/xxxx TOYOTA ALPHARD အမျိုးအစားယာဉ်ဖြင့် လာရောက်စဉ် ရခိုင်ချောင်(မြောက်)ကျေးရွာ ရွာလယ်လမ်းအရောက်၌ ဘက်ထရီစက်ဘီးစီးနင်းလာသော တစ်ရွာတည်းနေ ကျော်သီဟန် ၄၆ နှစ်က ဦးသိန်းဆွေဦး၏ မော်တော်ယာဉ်ရှေ့တွင်စက်ဘီးဖြင့် ပိတ်ရပ်ကာညစ်ညမ်းစွာဆဲဆိုခြိမ်းခြောက်ခြင်းများ ပြုလုပ်ပြီး လက်သီးဖြင့် အကြိမ်ကြိမ်ထိုးကြိတ်ခဲ့သဖြင့် ဦးသိန်းဆွေဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ကျော်သီဟန်အား နိုဝင်ဘာ ၁ ရက်တွင် ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းက (ပ)၃၂/၂၀၂၅ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ အောက်တိုဘာ ၃၁ ရက်တွင် Facebook လူမှုကွန်ရက် စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြုပညာပေး ဓာတ်လမ်းတိုနှင့်ပတ်သက်၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သည့် Hanni Linn (Be Bee)Facebook Account ပိုင်ရှင်ဖြစ်သူ တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် နယ်မြေ(၉)နေ သန်းသန်းစိုး(ခ) ဟန်နီလင်း ၃၁ နှစ်အား တောင်ကြီးနယ်မြေရဲစခန်းက (ပ)၁၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြု ပညာပေး ဓာတ်လမ်းတိုနှင့်ပတ်သက်၍ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သည့် Ju Ju (Ju Yati Ko) Facebook Account ပိုင်ရှင်ဖြစ်သူ ဂျူးရတီကိုအား ကမာရွတ်မြို့မရဲစခန်းက(ပ)၁၆၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရွေးကောက်ပွဲအကျိုးပြုပညာပေးဓာတ်လမ်းတိုနှင့်ပတ်သက်၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သည့် Kyawat Hsu Latt Facebook account ပိုင်ရှင်ဖြစ်သူ ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက်နေ ကျော့ဆုလတ် ၃၂ နှစ်အား ပုသိမ်နယ်မြေရဲစခန်းက(ပ) ၁၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မြ၀၁)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ဘယ်သူတွေဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေအောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ ရွေးကောက်ပွဲ”** ခေါင်းစဉ်ဖြင့် ၅-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၂-၁၁-၂၀၂၅ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ဧရာဝတီတံတား(ရတနာသိင်္ခ)”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၀၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အောင်မြင်မယ့်သူ

ဦးဦးနိုင်

**နိဒါန်း**

လူလူချင်းအတူတူ ကံချင်းမတူ၊ ဉာဏ်ချင်းမတူ၊ ဘဝအကျိုးပေးချင်းလည်း မတူကြဘူးဗျ။ တကယ်တော့ ရုပ်လှသူ လူချစ်လူခင်များသူဟာ ယခုဘဝ ယခင်ဘဝ မေတ္တာစိတ်ထားရှိခဲ့လို့ပါပဲ။ အရုပ်ဆိုးသူ အကျည်းတန်သူကတော့ ယခင်ဘဝ၊ ယခုဘဝဒေါသ၊ မာနလွှမ်းကဲခက်ထန်ခဲ့လို့ပဲဖြစ်ပါတယ်။ သူ့အကြောင်းနဲ့သူ အကျိုးဆက်ဖြစ်ပေါ်လာတာမို့ ဘယ်သူမပြုမိမိမှုဆိုတဲ့ လောကနိယာမ(ကမ္မနိယာမ)တရားရဲ့ သဘာဝပါ။

ပြီးခဲ့တဲ့အတိတ်ကံကိုတော့ ပြန်ပြင်ချင်လို့မရပါ။ ရရှိလာတဲ့အခြေအနေအတိုင်းသာ လက်ခံရမှာပဲ။ နောင်မှပြုပြင်မယ်လို့ အနာဂတ်အတွက် ကြံရွယ်ချက်ရှိပေမယ့်လည်း ဘာမှတော့ ကောင်းကျိုးမရနိုင်ပါဘူး။ တကယ်အကျိုးရစေမှာကတော့ ယခုပစ္စုပ္ပန်လက်ငင်းအချိန်မှာပဲ သက်ဆိုင်တဲ့ကောင်းရာကောင်းမှုတွေကို အချိန်မဆိုင်းပြုလုပ်မယ်ဆိုရင် အနေးနဲ့အမြန် ကံကောင်းလာမှာသေချာပါတယ်။ ကံအဟုန်သတ္တိတွေက ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်လောက် အရိပ်အေးကို ပေးတတ်တာလည်း ရှိတတ်တယ်လေ။ ထီထိုးကြတဲ့ လူတွေအများကြီးထဲမှာ သူ့ထီစာရွက်က နံပါတ်ကမှ သိန်းဆု၊ သန်းဆုပေါက်တာ မမြင်နိုင်တဲ့အတိတ်ကံရဲ့ အကျိုးပေးပေါ့။ ထီမထိုးဘဲနဲ့တော့ ထီမပေါက်နိုင်ဘူးပေါ့။ အလှူမှာဝေတဲ့ ထီလက်မှတ်ဖြစ်စေ၊ လမ်းပေါ်မှာကောက်ရတဲ့ ထီလက်မှတ်က ပေါက်တာဆိုရင်တော့ တစ်မျိုးပေါ့။ လုံ့ထမ်းလာတာမြင်ရတယ်။ ကံထမ်းလာတာကိုတော့ ဘယ်သူမှ မမြင်နိုင်ခဲ့ကြပါဘူးလေ။

**အမတ်လောင်း**

သာမန်ထက်အောင်မြင်မယ့်လူတွေကတော့ ထီထိုးနေကြပြီလားမသိပါ။ ပါတီစုံဒီမိုကရေစီစနစ်မှာ ပြည်သူလူထုရွေးကောက်တင်မြှောက်လိုက်တဲ့ နိုင်ငံရေးသမားတွေဟာ လွှတ်တော်အဆင့်ဆင့်မှာ ဥပဒေပြုအာဏာကို တာဝန်ယူကြရမယ့် ပြည်သူ့ကိုယ်စားလှယ်ကြီး(အမတ်)တွေဖြစ်လာကြမှာပါ။

သူတို့ပါတီ အင်အားများမယ်ဆိုရင် အစိုးရအဆင့်ဆင့်မှာလည်း ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီး၊ ဝန်ကြီးချုပ် စသဖြင့် နိုင်ငံရေးအာဏာအပြင် ဌာနဆိုင်ရာတာဝန်ခံရတဲ့ အုပ်ချုပ်ရေးအာဏာလည်း ရကောင်းရနိုင်တာပေါ့။ တာဝန်ကြီးတွေ ထမ်းဆောင်ကြရမှာဖြစ်တဲ့အတွက် လစာ၊ ရိက္ခာ၊ အဆောင်အယောင်၊ ထောက်ပံ့မှု၊ နေစရာ၊ စီးစရာ စတဲ့အခွင့်အရေးတွေလည်း ကျွဲကူးရေပါခံစားခွင့် ရှိလာမှာပေါ့။ ပြည်သူလူထုကဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ ပြည်သူကိုကိုယ်စားပြုပြီး ပြည်သူရဲ့ကောင်းကျိုးအတွက် အမှန်တကယ်ဆောင်ရွက် အကောင်အထည်ဖော်သူ ခေါင်းဆောင်ကောင်းဖြစ်ဖို့တော့လိုတာပေါ့။

သူထမ်းဆောင်ရမယ့်တာဝန်တွေကို ရှေ့က ရွေးကောက်ပွဲမှာအရွေးခံရပြီး တာဝန်ယူသွားခဲ့ကြတဲ့ ဝန်ကြီးချုပ်တွေ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးတွေ၊ သူတို့ရဲ့အားသာချက်၊ အားနည်းချက်တွေ ကြိုတင်လေ့လာပြင်ဆင်ထားကြမယ်လို့ မျှော်လင့်ရပါတယ်။ ပြည်သူလူထုကို မဲဆွယ်ပွဲ၊ တွေ့ဆုံပွဲ၊ ဟောပြောပွဲတွေနဲ့ လာရောက်ဟောပြော ထိတွေ့ကြပါလိမ့်မယ်။ ဘယ်ပါတီကိုယ်စားလှယ်လောင်းက မဲပေးတင်မြှောက်ရွေးချယ်လောက်အောင် တော်ပုံရသလဲ၊ ကောင်းပုံရသလဲ မဲဆန္ဒရှင်ပြည်သူတွေက အကဲခတ်ကြည့်ကြပေါ့။

ပြောတာဆိုတာ သူ့ရဲ့ကိုယ်ရည်ကိုယ်သွေး၊ အပြုအမူ၊ အပြောအဆိုကတစ်ဆင့် သူ့ရဲ့အမူအကျင့်၊ သူ့ရဲ့အရည်အသွေး၊ သူ့ရဲ့ယုံကြည်ချက်၊ ခံယူချက်၊ မျှော်မှန်းချက် စတဲ့အရာတွေကို ကြားရမြင်ကြ၊ နှိုင်းယှဉ်သိရှိကြရမှာပါ။

လူတိုင်းမှာ အားသာချက် အားနည်းချက်တွေ့ရှိမှာပဲ။ ခြောက်ပြစ်ကင်း သဲလဲစင်ဆိုသူမျိုး ဘယ်ရှိမလဲ။ အကောင်းလည်းရှိမှာပဲ၊ အဆိုးလည်းရှိနိုင်တာပဲ။ ဘယ်သူမဆို တော်တာလည်းရှိလိမ့်မယ်။ ညံ့တာလည်းရှိပေလိမ့်မယ်။ လူထဲက လူတွေပဲလေ။ သဘာဝပြောတာပါ။

**သတ်မှတ်ချက်**

ဒါဆိုရင်ဘယ်စံတွေနဲ့ တိုင်းတာရမှာလဲ။ ပထမလား ဘယ်အကြိမ်လဲ၊ ဒုတိယအကြိမ်လွှတ်တော်တုန်းက စာတောင်သင်ပုန်းကြီးအက္ခရာ ချောမောအောင်ဖတ်မပြတတ်တဲ့ အမတ်မျိုးကိုတော့ ယခုတတိယအကြိမ်လွှတ်တော်မှာတော့ မပါသင့်ဘူး။

ပါတီစုံဒီမိုကရေစီစနစ်ကို အားလုံးသိမြင်ကြတဲ့အတိုင်း ကာကွယ်ထိန်းသိမ်းပေးခဲ့ရတာပဲလေ။

အကယ်၍သာ တပ်မတော်က အာဏာသိမ်းခဲ့ရင်ဆက်ပြီး ၁၀၀ ရာခိုင်နှုန်း လက်နက်ကိုင်အာဏာနဲ့ပဲ ဆုပ်ကိုင်ရယူသွားမှာပေါ့။

နိုင်ငံရေးနားမလည်၊ ဥပဒေကိုမသိကြသူအချို့ (သိပါလျက်နဲ့တမင်လိမ်ညာကောက်ကျစ်စွာ အပြစ်ရှာပုတ်ခတ်ချင်သူ နိုင်ငံရေးလုပ်စားသူ၊ မီဒီညာလုပ်စားသူတို့က မဟုတ်မမှန် ဝါဒဖြန့်တဲ့ အာဏာသိမ်းတယ်တို့ စစ်အာဏာရှင်တို့ ခေါ်ဝေါ်သုံးစွဲတာမျိုးတွေကြောင့်) နားယောင်အထင်လွဲခဲ့ကြသေးတယ်။ လေးငါးနှစ်အချိန်ကြာလာမှ သဲသဲကွဲကွဲထင်ထင်ရှားရှား နားလည်သိမြင်လာသူတွေလည်း ရှိပါတယ်။

**❖ စာကောင်းပေကောင်းတွေနဲ့ ရင်းရင်းနှီးနှီးဖတ်ထားပြီးသူမှသာ နိုင်ငံတကာကူးလူးဆက်သွယ်နေကြရတဲ့ ခေတ်မျိုးမှာ လူရာဝင်နိုင်ပေလိမ့်မယ်။ သုတစာပေကိုလည်း ဘာသာရပ်ဆိုင်ရာခက်ခဲဝေးလံတာတွေ စာအုပ်အထူကြီးတွေ စကိုင်နိုင်မှာမဟုတ်လို့ အားငယ်စရာမဟုတ်ပါ။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အထူးသဖြင့် တရုတ်ပညာရှိ စစ်သူကြီးဆွန်ဇု (ဘီစီ ၅၄၄-၄၉၆)ရေးသားခဲ့တဲ့ စစ်ပညာ၊ လက်ရှိကာလ ရောဘတ်ဂရင်းရေးတဲ့ လူ့သဘောလူ့သဘာဝ (The Law of Human Nature)၊ အာဏာစက် (Power) စတဲ့စာအုပ်မျိုးကိုတော့ ဝယ်ဖတ်ဖို့ အခက်အခဲရှိခဲ့ရင်လည်း စာကြည့်တိုက်တွေမှာ ရှာဖွေလေ့လာမှတ်သားသင့်ပါတယ်။ ❖**

Ph.D, M.A, M.Sc ဘွဲ့လွန်၊ ဘွဲ့ရ အဆင့်မြင့်ပညာဒီဂရီတစ်ခုခု ရသူဆိုရင်တော့ သူရဲ့ပညာအရည်အချင်းကို လေးစားတန်ဖိုးထားခြင်းအားဖြင့် မဲပေးဖို့ စဉ်းစားသင့်ပါရဲ့လေ။ သို့ပေမယ့် နိုင်ငံရေးသမားဟာ အတန်းပညာအနိမ့်အမြင့်နဲ့ချည်း နှိုင်းယှဉ်စဉ်းစားဖို့လည်း မပြည့်စုံသေးပါဘူး။

အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့် အောင်တယ်ဆိုရင်ပဲ စဉ်းစားသင့်တယ်ထင်တာပဲ။ ဘာလို့ညာညာတာတာ ပြောနေရတာလဲဆိုတော့ နယ်စွန်နယ်ဖျား၊ တိုင်းရင်းသားကျေးလက်တောရွာလေးတွေက လူငယ်တွေအတွက် အထက်တန်းပညာ၊ တက္ကသိုလ်ပညာသင်ယူနိုင်ဖို့ အခွင့်အရေးနည်းပါးခဲ့ကြလို့ပါ။ ဗမာလူမျိုးမဟုတ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း စတဲ့တောင်ပေါ်တိုင်းရင်းသားတွေအတွက် အတန်းပညာကန့်သတ်ချက်ထားသင့်၊ မထားသင့်ဆိုတာ စာရင်းဇယားပညာနဲ့ သုတေသနလုပ်ပြီး ချင့်ချိန်စဉ်းစားသင့်တာပါ။

**အခြေအနေမှန်**

တစ်ဦးတစ်ယောက်ရဲ့ စိတ်ကူးပေါ်ရာအတိုင်း မဆုံးဖြတ်ဘဲ ညှိညှိနှိုင်းနှိုင်းတိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်နိုင်ခွင့်ရတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဒါကြောင့် အများပြည်သူကောင်းကျိုးအတွက်၊ အများပြည်သူကျေနပ်ထောက်ခံရေးဆွဲခဲ့ကြတဲ့ မိမိတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင့်သုံးနေကြတာပဲလေ။ တစ်ပါတီအာဏာရှင်စနစ်မျိုးဖြစ်စေ၊ တစ်သင်းတစ်ဖွဲ့က ပြည်သူက တင်မြှောက်သူမဟုတ်ဘဲ ကာလအကန့်အသတ်မရှိ စိုးမိုးခြယ်လှယ်တာမျိုး မရှိစေရအောင် မိမိတို့တပ်မတော်က ဒီမိုကရေစီစနစ်၊

**နားမယောင်သင့်**

နိုင်ငံရေးဗဟုသုတမှာ အမှန်အမှားခွဲခြားတတ်ရပါမယ်။ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကို။

**မျက်မှောက်ခေတ်**

ယနေ့အချိန်ကာလဟာ သာမန်ရေစီးကြောင်းနဲ့ မတူတဲ့ ကမ္ဘာ့စီးပွားရေး၊ ကမ္ဘာ့နိုင်ငံရေး၊ ကမ္ဘာ့စစ်ရေး၊ နိုင်ငံတကာသံတမန်ရေး၊ ဆက်ဆံရေးတွေအားလုံး လျင်မြန်တဲ့အရှိန်အဟုန်နဲ့ ပြောင်းလဲနေချိန်ဖြစ်ပါတယ်။ ကမ္ဘာ့အခြေအနေအရပ်ရပ်နဲ့ အနေအထားအပြောင်းအလဲတွေဟာ အမှန်အတိုင်း ပကတိအခြေအနေအတိုင်း သိမြင်ကြရတာတွေရှိသလို ဖုံးကွယ်မှု၊ လိမ်ညာမှု၊ ပုံကြီးချဲ့မှု၊ လှည့်စားမှု အမျိုးမျိုးနဲ့ အဟုတ်မှတ်ထင် ယုံစားအောင် လှည့်ဖြားမှုတွေ၊ သတင်းမှားတွေ၊ လုပ်ကြံချက်တွေ ပွက်လောရိုက်နေကြတာလည်း ကြားရမြင်ရတယ်။

တချို့အချက်တွေက အမှန်ပဲ။ တချို့အချက်တွေက မဟုတ်မမှန်တာတွေပဲ။ ဘယ်လိုခွဲခြားသိနိုင်သလဲဆိုရင်တော့ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ဆက်ဆံရေးအခြေအနေတွေရဲ့ အတိတ်သမိုင်းကြောင်းက အကြီးအသေး၊ အလေးအပေ့၊ အဖော့အဖိ ဖြစ်စဉ်တွေနဲ့ နှိုင်းယှဉ်ပြီးမှ ပကတိဖြစ်ရပ်ဟာ အကြောင်းအကျိုးဆက်စပ်မှုအရ ဘယ်ဟာကအမှန် ဘယ်အရာကအမှား(မျက်နှာဖုံးစွပ်ထားတာ၊ လှည့်စားဖုံးကွယ်ထားတာ၊ သူ့လူကိုယ့်ဘက်သား ပုံဖျက်ထားခဲ့တာ စသဖြင့် ထောင်ချောက်တွေ၊ ကျုံးသွင်းတာတွေ)သိနိုင်ပါတယ်။ ကမ္ဘာ့ပထဝီဝင်၊ ကမ္ဘာ့သမိုင်းဖြစ်စဉ်၊ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှု နောက်ခံကားများကို နားမလည်ခဲ့ဘဲ သူတစ်ပါးယုံကြည်အောင်နားသွင်းတာ အဟုတ်ထင်သွားမိရင် ချောက်ကျသွားနိုင်ပါတယ်။ အဲသလောက် ရှုပ်ထွေးတယ်။

**သတိနဲ့စောင့်ကြည့်**

အခြေအနေတွေက လျင်လျင်မြန်မြန် ပြောင်းလဲနေလို့ သတိနဲ့စောင့်ကြည့်လေ့လာရမယ့်အချိန်အခါဖြစ်ပါတယ်။ ဆယ်စုနှစ်ပြောင်းလဲမှုမျိုး ဖြစ်ရပ်တွေမဟုတ်ပါဘူး။ ရာစုခေတ်နဲ့ချီလောက်တဲ့ ကြီးမားပြင်းထန်တဲ့သမိုင်းကြောင်းအသစ်ကို နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ အင်အားချိန်ခွင်လျှာ သိသိသာသာကြီး ပြောင်းလဲနေဆဲကာလအချိန်မျိုးဖြစ်ပေတယ်။

အဲသလို နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုတွေက ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၂၀၀ လောက်ကို တစ်နည်းမဟုတ်တစ်နည်း ရိုက်ခတ်နိုင်ပါတယ်။ အနည်းနဲ့အများ ကိုင်လှုပ်နိုင်ပါတယ်။ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေကြတဲ့ အရှေ့ဘက်က ထိုင်းနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးအပြောင်းအလဲ၊ အနောက်ဘက်က ရှိတ်ဟာစီနာမှမိုဟာမက်ယူနွတ်သို့ အပြောင်းအလဲ၊ အင်ဒိုနီးရှားနိုင်ငံမှာ လူငယ်ထု မငြိမ်မသက်မှု၊ နီပေါနိုင်ငံလူငယ်တွေရဲ့ မြို့ပေါ်မှာ ဆန္ဒပြဆူပူမှု စတဲ့အခြေအနေတွေဟာ မတော်တဆ ပေါ်ပေါက်လာကြတာ(လုံးဝ)မဟုတ်ပါ။

နောက်ကွယ်က အကြောင်းတရားတွေ၊ အားပြိုင်မှုတွေ အများကြီးရှိနိုင်တယ်ဆိုတာ နားလည်ဖို့လိုတယ်။ ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ကြဖို့ရာ ပြည်သူ့ကိုယ်စားလှယ်လောင်းအနေနဲ့ အရွေးချယ်ခံကြမယ့် အမတ်လောင်းတွေဟာ သာမန်လူတွေထက် ဗဟုသုတအကြားအမြင် ပြည့်စုံသင့်ပါတယ်။ အကြားအမြင် ဗဟုသုတရှိဖို့ရာက စာများများဖတ်ရပါမယ်။ စာကြည့်တိုက်ကို သုံးတတ်ရမယ်။

**မိတ်ဆွေကောင်းများ**

စာအုပ်တိုင်းကိုဖတ်ဖို့မလိုပါဘူး။ စိတ်ကြည်နူးမှုကိုပေးတဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာလင်္ကာစာအုပ်တွေလည်း အချိန်ရရင် ဖတ်ချင်ဖတ်ပါ။ ရသစာပေက နှလုံးသားကို နူးညံ့စေပါတယ်။ ကမ္ဘာကျော်ဝတ္ထုရှည်ကြီးတွေကိုလည်း (နိုင်ငံတကာလူတွေနဲ့ စကားပြောရတဲ့အခါ ညံ့ရာမကျအောင်) မူရင်းဖြစ်စေ၊ ဘာသာပြန်ဖြစ်စေ ဖတ်ထားသင့်ပေတာပဲ။ ငတုံးငအူ မထင်အောင်ပေါ့။

စာမဖတ်ရင်တော့ ပြည်ပက လူတွေနဲ့ဆွေးနွေးတဲ့အခါ အူတူတူအတတဖြစ်ကျန်ရစ်ခဲ့မှာပဲ။ စာကောင်းပေကောင်းတွေနဲ့ ရင်းရင်းနှီးနှီးဖတ်ထားပြီးသူမှသာ နိုင်ငံတကာကူးလူးဆက်သွယ်နေကြရတဲ့ ခေတ်မျိုးမှာ လူရာဝင်နိုင်ပေလိမ့်မယ်။

သုတစာပေကိုလည်း ဘာသာရပ်ဆိုင်ရာခက်ခဲဝေးလံတာတွေ စာအုပ်အထူကြီးတွေ စကိုင်နိုင်မှာမဟုတ်လို့ အားငယ်စရာမဟုတ်ပါ။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အထူးသဖြင့် တရုတ်ပညာရှိ စစ်သူကြီးဆွန်ဇု (ဘီစီ ၅၄၄-၄၉၆)ရေးသားခဲ့တဲ့ စစ်ပညာ၊ လက်ရှိကာလ ရောဘတ်ဂရင်းရေးတဲ့ လူ့သဘောလူ့သဘာဝ(The Law of Human Nature)၊ အာဏာစက်(Power) စတဲ့စာအုပ်မျိုးကိုတော့ ဝယ်ဖတ်ဖို့ အခက်အခဲရှိခဲ့ရင်လည်း စာကြည့်တိုက်တွေမှာ ရှာဖွေလေ့လာမှတ်သားသင့်ပါတယ်။

ကိုယ်နဲ့လက်တွဲလုပ်ရမယ့်သူတွေ၊ ကိုယ်နဲ့ယှဉ်ပြိုင်ရင်ဆိုင်၊ စကားနိုင်လုရမယ့်လူတွေက အဲသလိုစာအုပ်မျိုးတွေဖတ်ထား၊ သိထားတယ်။ ကိုယ်က ကြားတောင်မှ မကြားဖူးဘူးဆိုရင်တော့ တိုက်ပွဲကမတိုက်ခင်က ရှုံးနေတာမျိုးဖြစ်ပေမှာပဲ။ လူထုခေါင်းဆောင်ဆိုတာမျိုးဟာ သာမန်လူအများထက်ခေါင်းတစ်လုံးစာပိုမြင့်မှ ဟိုအဝေးကကျော်ပြီးမြင်နိုင်မယ်မဟုတ်လား။

စာမျက်နှာ ၃၀ သို့ á

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧက ၃၂၁၀၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်၊ တစ်ဧက ၄၄ ဒသမ ၄၈ တင်းထွက်ရှိ



**ဘုတလင် နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ဧက ၃၂၁၀၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၄ ဒသမ ၄၈ တင်း ထွက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၀၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော မြေပဲ စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၃၂၁၀၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၄ ဒသမ ၄၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲ ၃၅၀၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၃၂၁၀၀ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲ စိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ် နှစ်သိန်းကျော်ရှိပြီး မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် ဇယ်တွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ လက်မဲကျေးရွာအုပ်စု ဇယ်တွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဇယ်တွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ဇယ်တွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငွေကျပ် သိန်း၃၀၀ဖြင့်စတင်မတည်ဆောင်ရွက်ခဲ့ပြီး ယခု ဒွါဒသမစက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၄ ဦးကို ငွေကျပ် ၆၀ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သွေးခုံးပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း သွေးခုံးပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက သွေးခုံး ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် အောက်တိုဘာလအတွင်း သွေးခုံးပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အောက်တိုဘာလအတွင်း သွေးခုံးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အား ကောင်းခဲ့ပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးတွေက ဝယ်လိုအားများနေတဲ့အခြေအနေမှာ ရှိပါတယ်။ ပြီးခဲ့တဲ့အောက်တိုဘာလအတွင်း သွေးခုံး ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ သွေးခုံးတွေအပါအဝင် ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ် လိုက်နေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သွေးခုံးများ တင်ပို့ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြည် နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မော်ဇာကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောင်လုံးညိုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအဖွဲ့လေးဖွဲ့မှ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာလအလိုက် ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဖွဲ့လေးဖွဲ့ဖြစ်သော တိုးတက်အောင်၊ ငွေတိုးစံ၊ အလင်းရောင်၊ ဧကရီ စသည့်အသင်းအဖွဲ့များမှ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အသင်းသား၊ အသင်းသူ စုစုပေါင်း ဦးရေ ၂၀ ကို RBF စီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ နှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၀ သန်း စုစုပေါင်း ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်ထံမှ သိရသည်။

**ကိုညို**

á **စာမျက်နှာ ၂၉ မှအဆက်**

**ဖတ်ပါ**

စာများများဖတ်ခြင်း၊ ပညာကြီးသူများနှင့် တွေ့ဆုံမေးမြန်းနားထောင်ခြင်း၊ ဆရာတော်ကြီးများရဲ့ တရားတော်တွေကို နာကြားခြင်းတို့ဟာ အမြင်ကျယ်စေတယ်။ အမြင်ကျဉ်းတဲ့လူဟာ ခေါင်းဆောင်ဖြစ်မလာနိုင်ပါဘူး။

လူထုဆက်ဆံရေးစွမ်းရည် မြင့်မားဖို့လိုအပ်ပါတယ်။ အဟောအပြောလည်း ကောင်းရမယ်။ အရေးအသားလည်းတတ်ကျွမ်းရမယ်။ လွှတ်တော်ထဲမှာ ဥပဒေပြုအာဏာရယူရတဲ့ တာဝန်ထိုင်ခုံမှာ ထိုင်ရမယ်လေ။ သူများပြောတာကို ချင့်ချိန်ဝေခွဲတတ်တဲ့ စွမ်းရည်ရှိသလိုကိုယ်တိုင်ကလည်း ထက်မြက်ထိရောက်တဲ့ အကြံသစ်ဉာဏ်သစ်၊ အစီအစဉ်ကောင်း၊ လမ်းကြောင်းလမ်းသစ်ကို ရှာဖွေဆွေးနွေးနိုင်ရမယ်မဟုတ်လား။

**နိဂုံး**

အလျဉ်းသင့်လို့ဖော်ပြရရင် ROBIN SHARMA ရော်ဘင်ရှားမား ရေးခဲ့တဲ့ "The Leader Who Had No Title"(ခေါင်းဆောင်ဖြစ်ဖို့ရာထူးမလိုပါ)ဆိုတဲ့စာအုပ်ထဲက သူရေးထားတာလေး သဘောကျမိလို့မျှဝေပါရစေ။ အောင်မြင်ချင်တဲ့လူမှာ ဒီငါးချက်လိုအပ်တယ်တဲ့-

**၁။ I = Innovation = ဆန်းသစ်တီထွင်မှု**
**၂။ M = Mastery = ကျွမ်းကျင်ပိုင်နိုင်မှု**
**၃။ A = Authenticity = စစ်မှန်မှု(အတုမဟုတ်)**
**၄။ G = Guts = သတ္တိများ**
**၅။ E = Ethics = ကျင့်ဝတ်သိက္ခာ၊ စရဏတရား**
**IMAGE = ပုံရိပ်ရုပ်သွင်တဲ့။**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင် တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၀၀၈၄၁၊ ၀၁ ၆၅၀၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း။ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၀၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

5 Digits
အောင်ဘာလေ အွန်လိုင်းထီ

# “117 နဲ့ ထီကံစမ်းခြင်း (၂)မျိုး”

*117# ကို ခေါ်ဆို၍ ဝယ်ယူခြင်း

117 သို့ (ABL1, ABL3, ABL5, ABL10) ဟု SMS ပေးပို့ပြီး ဝယ်ယူခြင်း

Scan Me

Call Center 777 (or) 09 677 000 777

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# လူငယ်များနှင့် စိတ်ကြွမှုယစ်ဆေးများအန္တရာယ်

- ယာဘ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမှုယစ်ဆေးပြားများသည် မက်သမ်ဖက်တမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး ချော့ကလက်ရနံ့တို့ကဲ့သို့ **လူငယ်များကိုဆွဲဆောင်နိုင်မည့်** ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
- ဒီဆေးတွေက ဦးနှောက်အာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ပေးတဲ့ဓာတုပစ္စည်း (neurotransmitter) များအား **သဘာဝကိုဆန့်ကျင်၍** များပြားစေကာ စိတ်ခံစားချက်တက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ခံစားချက်တက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာပြီး **ရေရှည်မှာဦးနှောက်နှင့်ဦးနှောက်အာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။**
- ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ သွေးတိုးခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ခံစားချက်ကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။




- ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ **သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။**
- ဒါ့အပြင် ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် **အကျဉ်းထောင်ကျ၍ဘဝပျက်စီးခြင်းတို့ကို** ဖြစ်ပွားစေပါတယ်။



လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်ရုံစမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမှုယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ

❖ လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍ မရ...

❖ ယင်းအကူအညီများကို လူမှုကာကွယ်ရေးစနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar:Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

## ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ္ဏတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို ယနေ့တွင် ဒုတိယနေ့အဖြစ် သတ်မှတ်နေရာများအလိုက် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် အများပြည်သူရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌ စာမျက်နှာ ၂၇ ကော်လံ ၁ ☆

## အင်းအမျိုးသားအဖွဲ့ချုပ်ပါတီနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၃

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA အဖွဲ့ဝင် အမျိုးသား နှစ်ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

စာမျက်နှာ - ၂၈

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို အရေးယူ

စာမျက်နှာ - ၂၈

## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အထက်ပင့်တက်လေအားကောင်းရာမှ ဒေါင်လိုက်တိမ်ဖြစ်ထွန်းမှုအားကောင်းသည့်အတွက် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စာမျက်နှာ ၂၂ ကော်လံ ၁ ❖

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ နိုဝင်ဘာ ၃ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် နိုဝင်ဘာ ၄ ရက်မှ ၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

